ပဋိရူပဒေသဝါသော စ ပုဗ္ဗေ စ ကတပုညတာ၊ အတ္တသမ္မာပဏိဓိ စ ဧတံ မင်္ဂလမုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၂)

ယနေ့ထုတ်
မြန်မာ့အလင်း
စောင်ရေ
၂၀၀၅၇၀

နိုင်ငံတော်ဝန်ကြီးချုပ် အမှတ်(၃)တွင်းတူးဖော်မှုကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၇ ရက်က အင်းတော်ဒေသ ရေနံရှာဖွေရေး စီမံကိန်းလုပ်ငန်းခွင် တွင်းအမှတ်(၃)၌ တွင်းတူးစက်ဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အောက်ပုံ)နှင့် တွင်းအမှတ်(၃)၌ တွင်းတူးစက်ဖြင့်တူးဖော်နေမှုကိုတွေ့ရစဉ်။ (အောက်ဝဲပုံ)

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်းတော်ဒေသရေနံရှာဖွေရေးစီမံကိန်းကြည့်ရှုစစ်ဆေး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက အင်းတော်ဒေသ၌ တွင်းအမှတ်(၁)(၂)(၃)စမ်းသပ်တူးဖော်လျက်ရှိ
တွင်းအမှတ်(၁)မှတစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ၄ ဒသမ ၃၂ ကုဗပေသန်းထွက်ရှိနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် စစ်ကိုင်းတိုင်း ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ စီမံကိန်းလုပ်ငန်းခွင်မှတစ်ဆင့် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ်ရှိ အင်းတော်ဒေသရေနံရှာဖွေရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ကျော၇ဖုံးသို့ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

19-2 mmal 1 3/28/05, 11:25 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက် အကောင်အထည်ပေါ် ဖြစ်ထွန်းရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ဦးတည်ကြိုးပမ်းလျက်ရှိသည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု ရရှိစေရန် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။

ထို့ကြောင့် နယ်စွန်နယ်ဖျားဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှုများရရှိဖြစ်ထွန်းလာခဲ့ကြသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်နှင့်အညီ ယခုအခါ နယ်စပ်ဒေသများပါမကျန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ထို့အပြင် ပြည်နယ်နှင့်တိုင်းများအားလုံး အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းကို ချမှတ်၍ တက္ကသိုလ်၊ ကောလိပ်များ၊ အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ဆေးရုံကြီးများ တည်ထောင်ပေးခဲ့ပြီး အဆိုပါဒေသရှိ ပြည်သူများ စားဝတ်နေရေးပြည့်စုံစေရန်၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်စေရန်နှင့် ဒေသနေလူငယ်လူရွယ်များ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့မျှမက နိုင်ငံတော် လူဦးရေ၏ ၇၀ရာခိုင်နှုန်းတို့ နေထိုင်ကြသည့် ကျေးလက်ဒေသများပါမကျန် နိုင်ငံတော်ကြီးတစ်ရပ်လုံး တိုးတက်ဖြစ်ထွန်းလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးတစ်ရပ်လုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းများချမှတ်ပြီး ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တိုးတက်မြင့်မားရေးကို အထောက်အကူပြုမည့် ဆည်မြောင်း၊ တာတမံကြီးများ၊ တံတားကြီးများ၊ လမ်းမကြီးများ စသည့် အခြေခံအဆောက်အအုံပေါင်း မြောက်မြားစွာသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍစုံတွင် ဖြန့်ကြက်ပေါ်ထွန်းလာနေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်ခိုင်မာရေး၊ ပြည်သူများလူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ခိုင်မာသည့် အခြေခံကောင်းများ တိုးတက်ဖြစ်ပေါ်နေသည့် အခြေအနေအချိန်အခါနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်က ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဖေဖော်ဝါရီလ ၇ရက်နေ့ညနေပိုင်းက တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင်-

"ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသည့် ဖြူစင်သော စေတနာများကို ပြည်သူများက သိမြင်ခံစားစေရအောင်၊ နိုင်ငံတော်၏အမျိုးသားရေးမျှော်မှန်းချက်များကို ပြည်သူများ နားလည်သဘောပေါက်ပါဝင်လာစေရအောင် စံနမူနာပြ ဦးဆောင်စည်းရုံးဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်စေမည့် အစီ အမံများ၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေမည့် မူဝါဒလုပ်ငန်းစဉ်များ စနစ်တကျချမှတ်ပေးလျက်ရှိသကဲ့သို့ ယင်းလုပ်ငန်းများ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော် တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသ ကျေးလက်အထိဆင်းပြီး စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေသည်။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက အခြေခံဒေသကျေးလက်အထိ ဆင်းကာ ပြည်သူများနှင့်ထိတွေ့ပြီး ပြည်သူများ၏ လက်တွေ့ဘဝ အခြေအနေနှင့် လိုလားချက်များ၊ လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဆင့်တို့ အပြန်အလှန်ထိတွေ့ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသည့်စေတနာနှင့်ရည်မှန်းချက်များ လက်တွေ့ အကောင်အထည်ပေါ်ဖြစ်ထွန်းစေရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၁၅ရက်က အမက (၂)သဃ်န်းကျွန်း မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြစန်းက ဘက်စုံထူးချွန်ဆုရ စတုတ္ထတန်းကျောင်းသူ မနှင်းဝေသွေးအား ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၁၇ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာနအောက်ရှိ ရုံးချုပ်၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်စီမံကိန်းဦးစီးရုံးများမှဦးစီးအရာရှိများအတွက် လုပ်ငန်းခွင်စီမံကိန်းကျွမ်းကျင်မှုအဆင့်(၂)သင်တန်း အမှတ်စဉ်(၂/၂၀၀၃-၂၀၀၄) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးကြီးသန်းရှိန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၂ ရက်က ပခုက္ကူမြို့သို့ ရောက်ရှိခဲ့ပြီး အသစ်ဖွင့်လှစ်မည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ နှစ်ရှည်ပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် ပရိဘောဂများ ဖြည့်တင်းမှုအခြေအနေများအား စစ်ဆေးသည်။

အထူးအရာရှိသည် ဖေဖော်ဝါရီ ၁၃ရက်တွင် မတူပီမြို့ နယ်စပ် ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ရက်တွင် မင်းတပ်မြို့ အမှတ်(၁)နှင့် အမှတ်(၂)နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်း ကျောင်းများသို့ လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီတွင် မင်းတပ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသစ်ဖွင့်ပွဲနှင့် အခြေခံစက်ချုပ်နှင့် သိုးမွေးထိုး သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို သင်တန်းကျောင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးကြီးသန်းရှိန်၊ မင်းတပ် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ သင်တန်းသို့ မင်းတပ်ခရိုင်အတွင်းမှ ချင်းတိုင်းရင်းသူ ၂၀တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်အတွင်း စက်ချုပ်ပညာ၊ လက်မှုပညာ၊ ရွှေချည်ထိုးပညာ၊ အချက်အပြုတ်ပညာရပ်များအပြင် အအေးပိုင်းဒေသလိုအပ်ချက်အရ သိုးမွေးထိုးစက်ဆွဲပညာရပ်ကိုပါ အထူးအဓိကထား သင်ကြားပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ဓမ္မရိပ်သာ တပေါင်းနှင့်တန်ခူးတရားပတ်များ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကျေးဇူးရှင် အောင်မင်္ဂလာ ဆရာတော်ဘုရားကြီးနှင့် အောင်ဓမ္မ ဆရာတော် နှစ်ပါးတို့အား ဓမ္မပူဇာဖြင့် ပူဇော်သော တပေါင်းတရားပတ်ကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁ ရက် သောကြာနေ့မှ တပေါင်းလဆန်း ၁၂ရက် အင်္ဂါနေ့ထိ (၂၀-၂-၂၀၀၄)မှ (၂-၃-၂၀၀၄)ထိ လည်းကောင်း၊ တန်ခူးလ သင်္ကြန် တရားပတ်ကို ၁၃၆၅ ခုနှစ် နှောင်းတန်ခူး လဆုတ် ၆ရက် စနေနေ့မှ ၁၃၆၆ခုနှစ် နှောင်းတန်ခူးလကွယ် တနင်္ဂနွေနေ့ထိ (၁၀-၄-၂၀၀၄)မှ (၁၈-၄-၂၀၀၄) ထိလည်းကောင်း ကျင်းပမည်ဟု သိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၁၆ရက်က မြောက်ဥက္ကလာပမြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်ဘက်စုံ ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် အလယ်တန်းကျောင်းများ အဆင့်စံပြ ကျောင်းဆုရ အလက(၁၀)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေနှင်းနွယ်အား မြို့နယ်ပညာရေးမှူး ဒေါ်အမရာဒေဝီက စံပြကျောင်းဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဖေဖော်ဝါရီ ၁၇ ရက်က မော်လိုက်မြို့နယ် အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်းလုပ်ငန်းခွင်၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အင်းတော်ဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ရှေးဦးစွာလုပ်ငန်းခွင်၌ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အင်းတော်ဒေသရေနံရှာဖွေရေးစီမံကိန်း၏တည်နေရာ၊ အင်းတော်ဒေသရေနံရှာဖွေရေး နောက်ခံသမိုင်း၊ အင်းတော်ဒေသ၏ ဘူမိဗေဒ အနေအထားနှင့် အလားအလာ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက အင်းတော်ဒေသ ဘူမိအနေအထားကို အသေးစိတ် ထပ်မံလေ့လာမှု၊ လမ်းဖောက်လုပ်မှု၊ ယန္တရားများနှင့်တွင်းတူးပစ္စည်းများပေးပို့မှု၊ အင်းတော်ဒေသ၌ တွင်း အမှတ်(၁) (၂) (၃) စမ်းသပ်တူးဖော်နေမှု၊ တွင်းအမှတ်(၁)ကို အနက်ပေ ၆၅၀၀ အထိ တူးပြီး တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ၄ ဒသမ ၃၂ ကုဗပေသန်းခန့် ထွက်ရှိနေမှု၊ တွင်းအမှတ်(၂)မှ ဆားငန်ရည်များသာ ထွက်ရှိမှု၊ တွင်းအမှတ်(၃)ကို ပေ ၆၀၀၀ အထိ တူးမည်ဖြစ်ရာ ယနေ့အထိ ၇၅၇ ပေ အထိ ရောက်ရှိနေမှု၊ အကဲဖြတ်တွင်းများ တူးပြီး အင်းတော်ဒေသ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ အလား အလာကို ခန့်မှန်းတွက်ချက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၏ အလားအလာနှင့် ထုတ်လုပ်နိုင်မှု၊ အလားအလာရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ၌ တိုးချဲ့လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တူးဖော်ဆဲနှင့် ဆက်လက်တူးဖော်ရန် လျာထားမှုအစီအမံအတိုင်း ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မော်လိုက်မြို့နယ်မှ လူမှုရေး အသင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်း တွင်းအမှတ် (၃)၌ တွင်းတူးစက်များဖြင့် တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တွင်းအမှတ်(၃)ရှေ့၌ စီမံကိန်း ဝန်ထမ်းများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ် အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်း၌ သဘာဝဓာတ်ငွေ့များထွက်ရှိနေသော တွင်းအမှတ်(၁)ကို မြင်ရစဉ်။ (သတင်းစဉ်)

အင်းစိန်မြို့နယ်အောင်ဆန်းရှိပုံနှိပ်စက်ရုံများ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ အထွေထွေမန်နေဂျာ ဦးသက်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေ ၅ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီပုံနှိပ်စက်ရုံ(စက်မှုအလုပ်ရုံ)၊ စာပေဗိမာန် ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီပုံနှိပ်စက်ရုံ (စက်မှုအလုပ်ရုံ)တွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)



ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့ဝင်များအား ဂျီတီစီစက်ရုံရှိ ရှင်းလင်းဆောင်၌ ဂျီတီစီပုံနှိပ်စက်ရုံ(စက်မှုအလုပ်ရုံ) စက်ရုံမှူး ဦးကျော်သူက စက္ကူဖြတ်ဓားသွေးစက် ထုတ်လုပ်မှု အသစ်တီထွင်မှု အခြေအနေနှင့် ဖလက်အလင်းပေးစားပွဲ၊ ပလိတ်ပြားကူးစက်၊ ဖလင်ကူးစက်၊ ဖလင်အခြောက်လှန်းစက်၊ ပလိတ်ပြားသွေးစက်များကို ၂၀၀၁/၂၀၀၂/၂၀၀၃/၂၀၀၄ခုနှစ်များအလိုက် ထုတ်လုပ်မှု အခြေအနေများ၊ ကိုယ်ပွားသတင်းစာတိုက်များနှင့် အခြားအဖွဲ့အစည်းများက မှာယူမှုအခြေအနေများ၊ ထုတ်လုပ်သည့်ပစ္စည်းနမူနာများကို လည်းကောင်း၊ ဒုတိယ စက်ရုံမှူး ဦးမျိုးထင်က စာပေဗိမာန် ပုံနှိပ်စက်ရုံ၌ ရိုက်နှိပ်သည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ အောင်ဆန်းပုံနှိပ်စက် စက်ရုံမှူးဦးညဏ်တင်က အောင်ဆန်း ပုံနှိပ်စက်ရုံနှင့် ပတ်သက်၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စက်မှုပိုမိုဖွံ့ဖြိုးရေးအတွက် အသစ်တီထွင်ထုတ်လုပ်သော စက္ကူဖြတ်စက်၊ ဓားသွေးစက်များ အရည်အသွေးမီ အမြန်ပြီးစီးရေး၊ အခြားပုံနှိပ်ရေးနှင့် ပတ်သက်သော Pre - Press စက်များ တီထွင်ထုတ်လုပ်ရေးနှင့် ပုဂ္ဂလိက ပုံနှိပ်စက်များကလည်း မှာယူနိုင်အောင် အရည်အသွေးနှင့် ပုံစံများကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့တွင် ကြော်ငြာထည့်သွင်း ဆောင်ရွက်ရေး၊ စက္ကူထားရှိသော သိုလှောင်ရုံများ သန့်ရှင်းသပ်ရပ်ပြီး မီးဘေးအန္တရာယ်ကင်းရှင်းအောင် စီမံဆောင်ရွက်ရေး၊ အိမ်ထောင်သည် လိုင်းများနှင့် စက်ရုံများအတွင်း သန့်ရှင်းရေးများကိုလည်း အဆင့်ဆင့် တာဝန်ခံများ ထားရှိ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

ဘဂ္ဂဒက်နှင့် ဘာကူဘာတွင် အမေရိကန်ယာဉ်တန်းနှစ်ခုတိုက်ခိုက်ခံရ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံတွင် ယမန်နေ့ကဖြစ်ပွားခဲ့သော လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်။

ဘဂ္ဂဒက်နှင့် မြောက်ဘက်မိုင် ၄၀ ရှိ ဘာကူဘာမြို့တို့၌ အမေရိကန်ယာဉ်တန်းနှစ်ခုသည် မိနစ်၂၀ခြားပြီး တိုက်ခိုက်ခြင်းခံခဲ့ရသဖြင့် တပ်ဖွဲ့ဝင်ငါးဦးဒဏ်ရာရခဲ့သည်။

ဘာကူဘာ၌ ပေါက်ကွဲမှုဖြစ်ပြီးနောက် အီရတ်နှစ်ဦးကို မသင်္ကာဟုဆိုကာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲအဖွဲ့ကဖမ်းဆီးလိုက်ပြီး ဆဲလ်ဖုန်းဖြင့် ဖောက်ခွဲခြင်းဟုတ်မဟုတ် စစ်ဆေးနေသည်။

ယမန်နေ့က ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ဆိုလျှင် လွန်ခဲ့သည့် မတ်လ၌ အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ကျူးကျော်ခဲ့ချိန်မှစပြီး တိုက်ပွဲ၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၇၅ ဦးခန့်ရှိပြီဖြစ်သည်။ **(အင်တာနက်)**

အီရတ်၌ ကန်နိုင်ငံသားများတိုက်ခိုက်ခံရ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အမေရိကန်နိုင်ငံသားတစ်စုသည် အီရတ်နိုင်ငံ၌ အငှားကားဖြင့် ပြီးခဲ့သည့်အပတ်က ခရီးသွားစဉ် ချုံခိုတိုက်ခိုက်ခြင်း ခံရသဖြင့် တစ်ဦးသေပြီး အခြားသုံးဦးဒဏ်ရာရကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့၌ ပြောကြားသည်။

အဆိုပါအရပ်သားများအားလုံးမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြပြီး အမေရိကန်ကင်းလှည့်တပ်ဖွဲ့က ဘဂ္ဂဒက်တောင်ဘက် ၁၈မိုင်ရှိ မာမူဒီယာဆေးရုံ၌ စနေနေ့က ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက ပြောကြားသည်။

၎င်းတို့သည် ဘေဘီလုံမှ ဘဂ္ဂဒက်သို့ အငှားကားဖြင့်သွားစဉ် လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်သည်ဟု အဆိုပါ ပြောခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၁၇ရက်က ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်များနှင့် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

အီရတ်ကျူးကျော်စစ်ပွဲကိုဆန့်ကျင်သည့် နှစ်ပတ်လည်အထိမ်းအမှတ် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ပြည်သူများစုဝေးဆန္ဒပြ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၆

အီရတ်တွင်ဖြစ်ပွားသော ကျူးကျော်စစ်ပွဲကိုတစ်ကမ္ဘာလုံးက ဆန့်ကျင်ကန့်ကွက်သည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အစည်းအဝေးကို ဩစတြေးလျနိုင်ငံ၏အကြီးဆုံးဆစ်ဒနီမြို့တွင် လူ ၁၀၀၀ ခန့်က တနင်္ဂနွေနေ့၌ကျင်းပခဲ့ကြသည်။

ဆန္ဒပြ

လွန်ခဲ့သည့်နှစ်တွင် အီရတ်ကိုအမေရိကန်ဦးဆောင်ပြီး ကျူးကျော်တိုက်ခိုက်ခဲ့ချိန်ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးပေါင်း ၆၀၀ကျော်တွင် လူသန်းပေါင်းများစွာသည် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ ယင်းအချိန်က ဆစ်ဒနီမြို့၏လမ်းများပေါ်တွင် လူငါးသိန်း ဆန္ဒပြခဲ့ကြသည်။

အစီအစဉ်ရှိ

ယခုကျင်းပသည့် လူထုအစည်းအဝေးတွင် ကြီးမားသောတုံ့ပြန်မှုရှိကြောင်း၊ အီရတ်၌ ဖြစ်ပွားနေသည့်စစ်ပွဲနှင့် ပတ်သက်၍ ပြည်သူတို့အလွန်အမင်းစိုးရိမ်ပူပန်နေကြဆဲဖြစ်ကြောင်း သူမကပြောကြားသည်။ စစ်ဆန့်ကျင်ရေးနိုင်ငံတကာနေ့ကို အီရတ်၌ အမေရိကန်ဦးဆောင်ပြီး စတင်တိုက်ခိုက်ခဲ့သည့်မတ် ၂၀ ၌ကျင်းပရန် အစီအစဉ်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖေဖော်ဝါရီ ၁၇ ရက်က ဖော်လူဂျာမြို့တွင် အိမ်တစ်အိမ်အတွင်း ရှာဖွေမှုများပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်စစ်ယာဉ်က ဝင်တိုက်၍ အီရတ်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်တွင် အမေရိကန်ဆန့်ကျင်ရေး ဒေါသထွက်စေရန် များများစားစား ဆွပေးစရာမလိုဘဲ အမေရိကန် စစ်ဘက်ဆိုင်ရာနှင့် ယာဉ်တိုက်မှုဖြစ်ရပ်မျှဖြင့် သိမ်းပိုက်မှုအပေါ် သံသယဖြစ်ခြင်းကို ပိုနက်ရှိုင်းရန်လုံလောက်သည်။

ငါးတန်ရှိသော အမေရိကန် စစ်ထရပ်ကားတစ်စီးသည် တနင်္လာနေ့တွင် အဝေးပြေးလမ်းတစ်ခုပေါ်တွင် အရပ်သားကားတစ်စီးနှင့် တိုက်မိခဲ့ရာ ခရီးသည် နှစ်ဦး သေဆုံးခဲ့ရသည်။

အမေရိကန် ထရပ်ကားသည် အရှိန်ကိုမလျှော့ဘဲ အပြင်းမောင်းကာ အီရတ်အရပ်သားများ စီးလာသည့်ကားကို ဝင်တိုက်ခဲ့ကြောင်း၊ ရပ်ဖို့နှင့် အရှိန်လျှော့ပြီး ဖြေးဖြေးမောင်းရန် မကြိုးစားခဲ့ကြောင်း အဝေးပြေးလမ်းမကြီး၏ ဘေးတစ်ဖက်မှ မောင်းလာသော မျက်မြင်တွေ့ရှိသူ အီရတ်များက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့၌ ကန်ဆန့်ကျင်ရေးဆန္ဒပြ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အမေရိကန်တို့က အီရတ်ကို အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားသော်လည်းအီရတ်ခေါင်းဆောင် အယာတိုလာ အယ်လ်စစ္စတာနီနှင့် နောက်လိုက်များက အုပ်ချုပ်ရေးမလွှဲပြောင်းမီ တိုက်ရိုက်ရွေးကောက်ပွဲ တစ်ရပ်ကျင်းပပေးရန် ဆက်လက် တောင်းဆိုဆန္ဒပြလျက်ရှိသည်။

ဆန္ဒပြ

စစ္စတာနီကို ထောက်ခံသူ အီရတ်ပြည်သူအမြောက်အမြားတို့သည် ၎င်းနေထိုင်ရာ နာဂျက်ဖ်မြို့တွင် ကြွေးကြော်သံများကြွေးကြော်ကာ ချီတက်ဆန္ဒပြခဲ့ကြကြောင်း သိရှိရသည်။

နာခံ

အယ်လ်စစ္စတာနီသည် လူအများအပြားကို လက်ခံတွေ့ဆုံလေ့မရှိဘဲ နောက်လိုက်အများ၏ ကြည်ညိုလေးစားခြင်းခံရသည့်အတွက် ၎င်းပြောသမျှကို နောက်လိုက်များက နာခံတတ်ကြကြောင်း သိရသည်။

ပြောကြား

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အီရတ် နိုင်ငံကို ရောက်ရှိလာသော ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခဲ့ရာတွင် အီရတ်နိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံဖြစ်ရမည်ဟု စစ္စတာနီက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မလေးရှားဝန်ကြီးချုပ် ပြောကြား

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၇

မိမိ၏အစိုးရအဖွဲ့သည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအာရုံစိုက်ကြောင်း၊ သို့မှသာကျေးလက်ပြည်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

အာရုံစိုက်

အဓိကအာရုံစိုက်သည်မှာ စိုက်ပျိုးရေးကဏ္ဍဖြစ်ကြောင်း၊ အခြားလူအများက အိုင်တီ၊ဇီဝနည်းပညာနှင့် အခြားအတတ်ပညာများအပေါ် အာရုံစူးစိုက်ရန် လိုလားချိန်တွင် မိမိဘာကြောင့် စိုက်ပျိုးရေးကဏ္ဍ၌ အာရုံစိုက်သည်ကို မေးမြန်းကြကြောင်း မလေးရှားနိုင်ငံ ပီရက်ပြည်နယ်၌ ရွေးချယ်ကိုယ်စားလှယ်များ၊ အစိုးရဌာနအကြီးအကဲများနှင့် တွေ့ဆုံစဉ် ဘာဒါဝီက ပြောကြားသည်။

ကန့်သတ်မှုမရှိ

စိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုကောင်းမွန်သော တန်ဖိုးပေါင်းစပ်ထုတ်ကုန်များကို အခြားနယ်ပယ်ကဏ္ဍများထက် ရရှိနိုင်ကြောင်း၊ အတိတ်ကာလက လူအများသည် စိုက်ပျိုးရေးကဏ္ဍတွင် ကန့်သတ်ချက်တစ်ရပ်ရှိကြောင်း ပြောဆိုခဲ့ကြကြောင်း၊ ယခုအခါ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိမိတို့နည်းပညာဖြင့် ကန့်သတ်မှုမရှိတော့ကြောင်း ဘာဒါဝီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ပြောက်ကျားများက လမ်းဘေးပုံးများအသုံးပြုတိုက်ခိုက်

ဖေဖော်ဝါရီ ၁၇ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၇၀သေဆုံး

ဖေဖော်ဝါရီ ၁၆ရက်က မိုဆူးလ်မြို့၌ လမ်းဘေးပုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက်အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ် နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၁၇ ရက်က ဘဂ္ဂဒက်မြို့၌ လမ်းဘေးပုံးကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက လမ်းမကြီးတစ်ခုတွင် လုံခြုံရေး စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရရှိ

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုမှာ ဖေဖော်ဝါရီ ၁၇ရက်အထိ ၁၄၇၀ ရှိသွားပြီဖြစ်သည်။ (အောက်ပုံမှာ ဖေဖော်ဝါရီ ၁၇ရက်က ဘဂ္ဂဒက်မြို့၌ လမ်းဘေးပုံးကြောင့် ဒဏ်ရာရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား သယ်ဆောင်သွားသည်ကို တွေ့ရစဉ်။) (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ် မြင်ကွင်း

စောင့်ကြပ်

ဖေဖော်ဝါရီ ၁၇ ရက်က ဘဂ္ဂဒက်မြို့ လမ်းဘေးပုံးတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြည့်ရှု

ဖေဖော်ဝါရီ ၁၆ ရက်က ဖော်လူဂျာမြို့အနီး အဓိယာကျေးရွာ၌ အီရတ်ဒေသခံ ခေါင်းဆောင် တစ်ဦး၏ အိမ်အား အမေရိကန် တပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည်ကို အီရတ်တို့ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆန္ဒတော်ပြည့်စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်လှူပွဲနှင့် ပန်းအိုင်စံပြကျေးရွာရှိ ရွှေမုဋ္ဌောစေတီတော် စိန်ဖူးတော်တင်လှူပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုဂံမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံမြို့သို့ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်နေဝင်း၊ ခရိုင်နှင့်

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၆ ရက်က မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်း ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဆရာတော်ကြီး ဆန္ဒတော်အရ တည်ထားပူဇော်အပ်သော ဆန္ဒတော်ပြည့်စေတီတော်အထွတ်၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပူဇော်ကြည်ညို

မန္တလေးတိုင်း မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်း ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး ဆန္ဒတော်အရ တည်ထားပူဇော်အပ်သော ဆန္ဒတော်ပြည့် စေတီတော် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်မဟာမင်္ဂလာ အခမ်းအနားကို နံနက် ၈နာရီတွင် အဆိုပါစေတီ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညိုသည်။

မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကမကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးများ တက်ရောက် ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်ကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကိုပင့်ဆောင်၍ စေတီတော်ပရဝဏ်အတွင်း ပက်ဖျန်း ချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အားရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများ

ကိုလည်းကောင်း မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အစီအစဉ်ပထမပိုင်းကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ စေတီတော်ကြီးအား အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအစီအစဉ်ကို ကျင်းပသည်။

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များ၊ ဥပါသကာများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့် ဌာပနာတော်များကို မင်္ဂလာမဏ္ဍပ်မှပင့်ဆောင်ကြပြီး စေတီတော်ကြီးအား လက်ယာရစ်ပတ် အပူဇော်ခံကြသည်။

အစီအစဉ်အရ ဥပါသကာများက ဌာပနာတော်များကို ဌာပနာတိုက်တော်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် စေတီတော်တွင် တင်လှူကြမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို တံကြားကုသိုလ်ဖြစ် ထီးတော်တင်မိသားစု၏ရထားပျံမဏ္ဍပ်သို့ပင့်ဆောင်ကြသည်။

ပင့်ဆောင်

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် စေတီတော် ကြီး၌ တင်လှူပူဇော်မည့် ရွှေထီးတော် ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တံကြားထီးတော်တင်အဖွဲ့၏ ရထားပျံဖြင့် စေတီတော်ကြီး၏ ငြမ်းအထက်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ ရွှေထီးတော်အပူဇော်ခံစဉ် စေတနာရှင်များ လာရောက်လှူဒါန်းကြသော စိန်ရွှေရတနာပစ္စည်းများကို ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူရှင်များ ကိုယ်စား အခိုင်အမာ ချည်နှောင်လှူဒါန်းသည်။

ဆက်လက်၍ ဥပါသကာများက စေတီတော်ကြီးအား ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်ကြသည်။

ဌာပနာထည့်သွင်းပူဇော်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်အထွတ်သို့ တက်ရောက်ပြီး အရှေ့၊ တောင်၊ အနောက်၊ မြောက် ဌာပနာတိုက်တော်များ၌ ဗုဒ္ဓရုပ်ပွားတော်များနှင့် ဌာပနာပစ္စည်းများကို ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းရေစင်တော်ဖွင့်ပူဇော်ကြသည်။

ယင်းနောက် သီရိသုဓမ္မမဏိဇောတရေတံကြားဦးသန်းလှက အမျှပေးဝေသည်။

ထို့အတူ အလှူရှင်များက အရံစေတီ ၁၆ ဆူအား ရွှေထီးတော်များ တင်လှူပူဇော်ကြပြီး မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ်ရွှေမိုးငွေမိုးရွာသွန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်ပရဝဏ် အတွင်း၌ ပရိဘောဂစေတီထိုက်သော လင်းလွန်းပင်ပျိုကို စိုက်ပျိုးကြသည်။

ယင်းနောက် မင်းကျောင်းဆရာတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆန္ဒတော်ပြည့် ခေါင်းလောင်းတော်ကြီးအား ကိုးကြိမ်ထိုးပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း မြင်းခြံမြို့မှတစ်ဆင့် မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပန်းအိုင်စံပြကျေးရွာသို့ ရောက်ရှိကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ မိတ္ထီလာ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ပူဇော်ကြည်ညို

ထို့နောက် မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပန်းအိုင် စံပြကျေးရွာ ရှေးဟောင်း သမိုင်းဝင်ရွှေမုဋ္ဌောဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၁ နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညိုသည်။

စိန်ဖူးတော်တင် မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ မိတ္ထီလာမြို့ အသောကာရုံ

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၇ ရက်က မလှိုင်မြို့နယ် ပန်းအိုင်စံပြကျေးရွာရှိ ရေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောဆုတောင်းပြည့်စေတီတော်မြတ်ကြီးအထွတ်တွင် ရတနာစိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အဘိဓဇမဟာရဋ္ဌဂုရု ပူဇော်သဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမ ဈေးကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီးအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းတော်မူပါသဖြင့် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ရန်ကုန်ကမ္ဘာအေးကုန်းမြေမှ ညောင်တုန်းမြို့သို့ ကြိုဆိုပင့်ဆောင်ပြီး မတ် ၂၀ ရက်တွင် ပူဇော်ပွဲကျင်းပမည်ဟု သိရသည်။

(က-ပ)

စာမျက်နှာ ၆ မှ

ရေလယ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန် ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပက အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံနှင့်ဇနီး၊ လမင်းကံသာရောင်းဝယ်ရေးကုမ္ပဏီ လီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးရဲထွန်းနိုင်၊ ဇနီးဒေါ်လမင်းငယ်တို့ ဦးဆောင်သော အလှူရှင်များ၊ ဘုရားဖူးများနှင့် ဒေသခံပြည်သူများ တက်ရောက် ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ ရတနာစိန်ဖူးတော်တင် မဟာမင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာမြို့ အသောကာရုံ ရေလယ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတထံမှ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆရာတော်ကြီးများအားဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ယူဆောင်၍ စေတီတောင်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ကြီးတွင် တင်လှူပူဇော်မည့်စိန်ဖူးတော်ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း မိတ္ထီလာမြို့ အသောကာရုံ ရေလယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ လာဘာဝတအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးများနှင့်အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်တို့အား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ မိတ္ထီလာမြို့ အသောကာရုံ ရေလယ်ကျောင်းဆရာတော်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မဟာမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် စေတီတော်ကြီးအား စိန်ဖူးတော်တင်လှူခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

အထွတ်သို့ ပင့်ဆောင်

အစီအစဉ်အရ သာသနာအလံကိုင်အဖွဲ့ ဦးဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက မင်္ဂလာမဏ္ဍပ်မှ စိန်ဖူးတော်ကို ကုသိုလ်ဖြစ်တံကြား ထီးတော်တင်မိသားစု၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။ ယင်းနောက် စိန်ဖူးတော်ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်ငြမ်းအထက်သို့ တက်ရောက်ကြပြီး စိန်ဖူးတော်အား စေတီတော်တွင် တင်လှူပူဇော်ကြသည်။ ယင်းနောက် ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြပြီး ရောင်တော်ဖွင့် ပူဇော်ကြသည်။

ထို့နောက် သီရိသုဓမ္မမဏိဇောတဓရ တံကြား ဦးသန်းလှက အမျှပေးဝေပြီး မဟာမင်္ဂလာအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် မဟာမင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးရွာသွန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၆ ရက်က မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်း ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဆန္ဒတော်အရ တည်ထားပူဇော်အပ်သော ဆန္ဒတော်ပြည့်စေတီတော်အထွတ်၌ ဌာပနာတော်များကို ထည့်သွင်းပူဇော်ခံစဉ်။

(သတင်းစဉ်)

တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ် ဓမ္မာရုံသစ်ကြီးတွင် ကျောက်ဆည်မြို့ သပြေပင်မိုးကုတ် ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒောဘာသာဘိဝံသ အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်မြတ်ကို ဖေဖော်ဝါရီ ၂၀ မှ ၂၂ ရက်အထိ ညစဉ် ၆ နာရီမှ ၇ နာရီအထိ ဟောကြားမည်ဟုသိရသည်။ (က-ပ)

အုတ်ဖိုမြို့နယ်တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်း အုတ်ဖိုမြို့နယ်၏ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီတွင် အုတ်ဖိုမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တင်နှင့် အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ အင်အား ၇၀၀ ကျော် တက်ရောက်အားပေးကြသည်။ အခမ်းအနားတွင် စာရေးဆရာများဖြစ်ကြသော လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ သား ဂျာနယ်ကျော် (မိုးဟိန်း)နှင့် ရွှေစွန်ညိုတို့က စာပေရေးရာများ ဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ရွှေကျင်မြို့၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ရွှေကျင်မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်း (ရွှေလက်)နှင့် အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်ပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ကြသည်။ အဆိုပါ အခမ်းအနားတွင် စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မြသန္တာနှင့် ရွှေစွန်ညို တို့က စာပေရေးရာများ ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



*** *ကျောဖုံးမှ***

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကျောက်ပန်းတောင်း တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့သို့ ရောက်ရှိကြရာ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်တပ်မမှူး ဗိုလ်မှူးကြီးစိန်ဝင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်မောင်အုန်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေ့ဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြိုင်မြို့အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးဦးဆန်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Computer Skill Room၊ Computer Aided Instruction Room နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ရှေ့ဦးစွာ ကျောင်းအုပ်ဆရာကြီးဦးဆန်းက မြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ သင်ကြားစီမံကိန်းစွရပ်များ၊ တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားရေး၊ ကျောင်း၏အောင်ချက်ရာခိုင်နှုန်းတိုးတက်မြင့်မားလာရန် ဆောင်ရွက်ဖွယ်များကို ရှင်းလင်းပြောကြားသည်။

အဆင့်တိုးမြှင့်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြိုင်မြို့၌ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်းကို အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စာသင်ခန်းများကိုလှည့်လည်၍ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး စစ်ဆေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာမိုးဇော်နှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားလူနာဆောင်ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင် နှင့် သွားနှင့်ခံတွင်းဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က (၁၆)ခုတင်ဆံ့ မြိုင်မြို့နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေ့ဦးစွာ မြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသန်းက မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေနှင့် ရာသီဥတုအခြေအနေ၊ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ အစရှိသည့် မြေသယံဇာတအခြေအနေ၊ အသားတင်စိုက်ပျိုးမြေဧက၊ စိုက်ပျိုးရေရရှိရန် ရေလှောင်တမံ၊ ဆည်၊ ကန်၊ ချောင်း၊ ရေထိန်းတမံများတည်ဆောက်နေမှု၊ မိုးသီးနှံ၊ မိုးစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံနှင့် နွေစပါးစိုက်ပျိုးမှုအခြေအနေ၊ ဝါအမျိုးမျိုးစိုက်ပျိုးမှုနှင့် ထွက်ရှိမှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးငွေဦးက ပခုက္ကူခရိုင်အတွင်း မိုးရွာသွန်းမှု အခြေအနေ၊ အဓိကသီးနှံကိုးမျိုးစိုက်ပျိုးမှု၊ နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ဒေသဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးလုပ်ငန်းများအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က မကွေးတိုင်းအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်နေသော ရေလှောင်တမံ၊ ဆည်၊ ကန်၊ စက်ရေတွင်း၊ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ အခြေအနေနှင့် အကျိုးပြုမှု၊ ဒေသဝမ်းစာဖူလုံရေး နွေစပါး မိုးစပါး တိုးချဲ့စိုက်ရန်နှင့် အထွက်တိုးရန်ဆောင်ရွက်နေမှု၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲနောက်စသည့် သီးနှံများစိုက်ပျိုးမှု၊ ထွက်ရှိမှုနှင့် အထွက်နှုန်းတိုးရန် ဆောင်ရွက်နေမှု၊ စက်မှုကုန်ကြမ်းသီးနှံ ဝါတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်း ထူထောင်ရေးအပါအဝင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

စီမံကိန်းချမှတ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြိုင်မြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခု အဆင့်တိုးမြှင့်ပေးပြီး အမှာစကားပြောကြားရာတွင် မြိုင်မြို့နယ်သည် ပူပြင်းခြောက်သွေ့ပြီး မိုးနည်းသောဒေသဖြစ်သည်နှင့်အညီ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ စိုက်ပျိုးရေရရှိရေးအတွက် ရေသိုလှောင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ် ရှာဖွေဖော်ထုတ်မှုအစီအမံများကို စီမံကိန်းချမှတ်ပြီး စနစ်တကျစီမံဆောင်ရွက်ကြဖို့လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်များ ဖြန့်ကြက်တည်ဆောက်မှု၊ သောက်သုံးရေရရှိရေးအတွက် မြေအောက်ရေရှာဖွေမှု၊ ရေတွင်း၊ ရေကန်များ တူးဖော်တည်ဆောက်မှုများကို သက်ဆိုင်ရာဌာနများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

စိုက်ပျိုးရေလုံလောက်မှသာ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ဒေသတွင်း ဝမ်းစာဖူလုံမည်ဖြစ်သကဲ့သို့ သန့်ရှင်းသော သောက်သုံးရေရရှိမှသာ ကျေးလက်ဒေသများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသာယာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

သို့ဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တွင် သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာရရှိရေး လုပ်ငန်းများကို တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဖြည့်ဆည်းပေး

ထို့ကြောင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျေးရွာများအထိဆင်းပြီး မိမိတို့ဒေသအတွင်း စိုက်ပျိုးရေလုံလောက်သည့် ကျေးရွာ၊

ခုတင်(၂၀၀)ဆံ့ဆေးရုံတည်ဆောက်ရေး ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မလုံလောက်သည့် ကျေးရွာ၊ ကန်ရေသုံးစွဲသည့် ကျေးရွာ၊ အဝီစိတွင်းရေကို သုံးစွဲသည့်ကျေးရွာ၊ သောက်သုံးရေမလုံလောက်သည့် ကျေးရွာစသည်ဖြင့် ကျေးရွာအလိုက် ရေလိုအပ်မှု အခြေအနေများကို ခွဲခြားသိမြင်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်တိုးတက်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မြိုင်မြို့နယ်တွင် မြေပဲနှင့် ပဲအမျိုးမျိုးကို အဓိကစိုက်ပျိုးနေသော်လည်း ဧကအလိုက်အထွက်နှုန်းမှာ နည်းပါးနေသေးသည်ကို တွေ့ရကြောင်း။

ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ၌ တာဝန်ရှိသူအသီးသီးက ဒေသတွင် အောင်မြင်ဖြစ်ထွန်းနိုင်မည့် မျိုးကောင်းမျိုးသန့်များ ဖော်ထုတ်ပေးမှု၊ ရေမြေသဘာဝ ရာသီဥတုကိုမှုတည်ပြီး အကျိုးဖြစ်ထွန်းနိုင်ဆုံး သီးနှံစိုက်ပျိုးမှုပုံစံ (Crop Pattern)ဖော်ထုတ်ပေးမှု၊ နည်းပညာဖြန့်ဖြူးပေးမှု အပါအဝင် တောင်သူလယ်သမားများအား ပညာပေးစည်းရုံးမှု၊ အကြံဉာဏ်ကောင်းများပေးမှုများဖြင့် စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းအောင် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ပခုက္ကူဒေသအတွင်း ခေတ်မီချည်မျှင်နှင့် အထည်စက်ရုံသစ်ကြီးကို နိုင်ငံတော်က ဘဏ္ဍာငွေကြေးမြောက်မြားစွာ စိုက်ထုတ်တည်ဆောက်ပေးလျက်ရှိသည်နှင့်အညီ စက်မှုကုန်ကြမ်းဖြစ်သည့် ဝါသီးနှံတိုးတက်ထွက်ရှိစေရအောင် စနစ်တကျစီမံချက်များ ချမှတ်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့လိုကြောင်း။

အခွင့်အလမ်းတိုးပွားလာ

လိုအပ်သည့် စက်မှုကုန်ကြမ်းဝါများ တိုးတက်ထွက်ရှိသည်နှင့်အမျှ ဒေသခံတောင်သူများအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်သကဲ့သို့ စက်ရုံကြီးလည်း ရည်မှန်းချက်နှင့်အညီ အပြည့်အဝလည်ပတ်နိုင်သည့်အတွက် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများလည်း တိုးပွားလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ စက်မှုကုန်ကြမ်းဝါသီးနှံ လုံလောက်စွာထွက်ရှိရေး၊ အရည်အသွေး ပြည့်မီရေး၊ နိုင်ငံတော်ကတည်ဆောက်ပေးလျက်ရှိသည့် ချည်မျှင်နှင့် အထည်စက်ရုံကြီးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် တိုင်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူလယ်သမားများကို စည်းရုံးပံ့ပိုးပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ညှိနှိုင်းပေါင်းစပ်

အလားတူဒေသတွင်း ရာသီဥတုညီညွတ်မျှတမှန်ကန်ရေး၊ ရေသိုလှောင်နိုင်စွမ်းရှိရေးတို့အတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးနေသည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းများ ပျိုးထောင်ရေးလုပ်ငန်းများ လက်တွေ့အောင်မြင်ဖြစ်ထွန်းစေရအောင် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကသာ ညှိနှိုင်းပေါင်းစပ်ပြီး ညီညွတ်တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၆ ရက်က မြိုင်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

စိုက်ခင်းကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ရှိ အပူပိုင်းဒေသ စံပြစမ်းသပ်စိုက်ပျိုးရေးခြံ၊ ဟုန်ပန်းစိုက်ပျိုးရေး ပုဂံစိုက်ကွင်းသို့ရောက်ရှိကြပြီး ရှေးဦးစွာ အောင်မြင်ဖြစ်ထွန်းနေသော ကျွဲကောစိုက်ခင်းနှင့် စပျစ်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အပူပိုင်းဒေသ စံပြစမ်းသပ်စိုက်ပျိုးရေးခြံ ဒါရိုက်တာ ဦးလီမြင့်နှင့် ခြံမန်နေဂျာဦးကျော်နိုင်တို့က ပုဂံစိုက်ကွင်း မြေအကျယ် ၆၆ဒသမ၅၇ဧက၌ လုံရယ်၊ အုန်း၊ စပျစ်၊ ကျွဲကော၊ လိမ္မော်နှင့် သရက်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေ၊ စပျစ်စိုက်ခင်းမှာ ဆွတ်ခူးရန်အသင့်ဖြစ်နေမှုအခြေအနေ၊ ကျွဲကောနှင့် လိမ္မော်စိုက်ခင်းတွင် အသီးများ၊ အဖူး၊ အပွင့်၊ သီးကင်းများဝေဆာနေမှုအခြေအနေနှင့် ဝါနှင့်ပြောင်းတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်သို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေစည်းခုံစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော်များနှင့် အနုပညာလက်ရာပစ္စည်းများ ထိန်းသိမ်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာမှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ မိတ္ထီလာမြို့သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မိတ္ထီလာတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၆ ရက်က မကွေးတိုင်း မြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်၊ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဦးသန်းဆွေ၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်စစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မလေးထပ်ဆောင် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဦးသန်းဆွေက မိတ္ထီလာ စီးပွားရေးတက္ကသိုလ်၌ ဖွင့်လှစ်ထားသော သင်တန်းများ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၁၂၃ လုံး အသုံးပြုသင်ကြားလျက်ရှိသော IT ခန်းများအခြေအနေ၊ ဝန်ထမ်းဖွဲ့စည်းမှု နှင့် ခန့်ထားပြီး အင်အားအပါအဝင် သင်ကြားစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ခေတ်မီခိုင်ခံ့ရေးမှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆောက်အအုံများ တည်ဆောက်ရာတွင် ခေတ်မီခံ့ညားထည်ဝါပြီး သပ်ရပ်ခိုင်ခံ့ရေးကို စနစ်တကျ အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ သင်ကြားစီမံကိန်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပင်မလေးထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်(တာဝန်) ဦးတင်မောင်ညွန့်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

သင်ကြားရေးကိစ္စများတင်ပြ

ရှေးဦးစွာ စာသင်ခန်းမ၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းအမျိုးအစားများ၊ ကျောင်းသားဦးရေ၊ သင်ကြားလျက်ရှိသော ဘာသာရပ်များ၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ဝန်ထမ်းအင်အား၊ နိုင်ငံတကာတက္ကသိုလ်နှင့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု၊ ပြည်ပ ပညာရှင်များ လာရောက်သင်ကြားပို့ချမှု၊ အလုပ်ရုံသုံး သင်ကြားရေး ပစ္စည်းများစုဆောင်းရရှိမှု၊ စာအုပ်စာတမ်းများစုဆောင်းထားမှုအပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အေစီအီးဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ စာသင်ကြားရေးဇုန်၌ အလုပ်ရုံ၊ လက်ယာတောင်ပံ၊ လက်ဝဲတောင်ပံအချောထည်လုပ်ငန်း၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးနေမှု၊ ကျန်ပင်မဆောင်၊ ပြင်ပရေမီးလုပ်ငန်း၊ စာသင်ဇုန်အတွင်းလမ်းများ၊ ကားနှင့် စက်ဘီးရပ်နားရန်နေရာ၊ စိမ်းလန်း စိုပြည်ရေးဆောင်ရွက်နေမှုအခြေအနေ၊ ပင်မဆောင်အရှေ့ပိုင်းလုပ်ငန်း၊ စားသောက်ဆိုင်၊ မုခ်ဦးနှင့် အဝင်လမ်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်စီစဉ်ထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားသည်။

ပညာသင်ကြားနေမှုကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Computer Science&Computer Training Center၊ English Lab၊ Applied Electric Engineering Lab၊ Electrical Engineering Circuit Analysis Lab၊ Flight Simulator Room၊ Library& Resource Centre၊ Engineering Physics Lab တို့၌ ကျောင်းသားများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မဆောင်အချောသတ်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ အစိုးရကွန်ပျူတာကောလိပ်(မိတ္ထီလာ)သို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနွယ်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနွယ်က အစိုးရကွန်ပျူတာကောလိပ်(မိတ္ထီလာ) တည်နေရာနှင့်အကျယ်အဝန်း၊ စာသင်ဆောင်နှစ်လုံး၊ အုပ်ချုပ်ရေးဆောင်နှင့် ကွန်ပျူတာဆောင်တို့ တည်ဆောက်ပြီးစီးနေမှု၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ဘွဲ့ကြို၊ဘွဲ့လွန်သင်တန်းများ၊ တိုးချဲ့ဖွင့်လှစ်မည့်သင်တန်းများ၊ ကျောင်းသားဦးရေ၊ ဆရာ ဆရာမ အင်အားအပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာသင်ခန်းများစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီးကွန်ပျူတာဆောင်နှင့် စာသင်ခန်းများအတွင်းသို့ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံနှင့် သူနာပြုသင်တန်းကျောင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မိတ္ထီလာဆေးရုံအုပ်ကြီး ဒေါက်တာဘရွှေနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေးစီမံကိန်းအရဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျတည်ဆောက်ရန်မှာကြား

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ခုတင်(၂၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေးစီမံကိန်းအရ အရေးပေါ်နှင့် ပြင်ပလူနာဆောင်၊ သားဖွားမီးယပ်လူနာဆောင်၊ သားဖွားခန်းနှင့် ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးရုံအတွင်းလမ်းများ၊ ရေနှင့်လျှပ်စစ်မီးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံ၏အကွက်ချပုံစံအတိုင်း ဦးစားပေးအဆင့်ရှိကြပြီး စနစ်တကျ တည်ဆောက်သွားရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာပညာရေး ကောလိပ်သို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်က လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းများဖွင့်လှစ်သင်ကြားနေမှုနှင့် အပတ်စဉ်အလိုက် တက်ရောက်လျက်ရှိသော သင်တန်းသားဦးရေ၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ဆက်လက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှစ်ထပ်စာသင်ဆောင် တည်ဆောက်ပြီးစီးရန် လိုအပ်သည့် ရန်ပုံငွေများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာလေယာဉ်ကွင်းသို့ ရောက်ရှိလာကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

တရားပွဲနှင့်သိက္ခာထပ်အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် သိမ်ကုန်း ဝေနေယျသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် နှစ်ဖက်လုကမ္မဋ္ဌာန်းရိပ်သာ ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တကုမာရနှင့်တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့က အထူးတရားပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပ၍ ပန်းဘဲတန်းမြို့နယ် အမှတ် ၂၁၈ ၃၁ လမ်းနေ ရဟန်းဒါယကာ ဦးသန်းညွန့်နှင့် ဒါယိကာမ ဒေါ်ကျင်လေး(ခ) အီချိုကိုတို့က ဆရာတော်ဘဒ္ဒန္တကုမာရအား ပုန္နာပသမ္ပဒ သိက္ခာထပ်မင်္ဂလာကို ဖေဖော်ဝါရီ ၂၁ ရက် (စနေနေ့) တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည့်အကျိုး

တစ်ကြိမ်ကြည့်လျှင် ပုံရိပ်စုံထင် မြတ်ကြေးမုံအသွင်

မိတ်ဆွေသတင်းထောက်မြင့်ဦးက မအူပင်ခရိုင် ခုတင်(၂၀၀)ဆံ့ ဆေးရုံတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ အခမဲ့ကုသပေးနေကြောင်း သတင်းလာပို့သည်။ ကျွန်တော်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် အမျိုးသမီးကဏ္ဍာ လှုပ်ရှားမှုများကို ဆောင်းပါးရေးခဲ့သူ ဖြစ်သောကြောင့် သူနှင့်အတူ လူနာများကို သွားရောက်ကြည့်ရှုဖို့ ပြောခဲ့သည်။ ဤသို့ဖြင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်း၌ မအူပင်ခရိုင် ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်ကြီးသို့ ကျွန်တော်တို့ နှစ်ဦး ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။

ကျွန်တော်တို့ ဧရာဝတီတိုင်းတွင် ၁၉၈၈ ခုနှစ်ကာလအထိ ဆေးရုံပေါင်း ၆၅ ရုံသာရှိခဲ့ပြီး မျက်မှောက်ကာလတွင် (၁၆)ခုတင်ဆံ့ ဆေးရုံကိုးရုံ၊(၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ဆေးရုံသို့ တိုးမြှင့်သည့်ဆေးရုံ နှစ်ရုံ၊ (၂၅)ခုတင်ဆံ့ တောင်သူလယ်သမားဆေးရုံ တစ်ရုံ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံမှ ခုတင်(၂၅၀)ဆံ့ ဆေးရုံပြောင်းလဲသည့်ဆေးရုံ တစ်ရုံ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံနှစ်ရုံအပါအဝင် ဆေးရုံပေါင်း ၇၂ ရုံ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်အစိုးရသည် မအူပင်ဒေသကို ဖွံ့ဖြိုးရေးဒေသအဖြစ်သတ်မှတ်၍ ကျန်းမာရေးကဏ္ဍာ တိုးမြှင့်သည့်အနေဖြင့် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ သစ်လွင်၊ သန့်ရှင်း၊ သပ်ရပ်သော ဆေးရုံသစ်ကြီးတွင် ယခုကဲ့သို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ဦးဆောင်မှုဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် မင်္ဂလာသတင်းပင် ဖြစ်သည်။

ကျွန်တော်နှင့် သတင်းထောက်မြင့်ဦးတို့သည် ပထမဦးစွာ အမျိုးသမီးလူနာဆောင်ကို သွားရောက်လေ့လာကြသည်။ နှုတ်ခမ်းကွဲ ဝေဒနာရှင်တစ်ဦးဖြစ်သော ရှစ်တန်းကျောင်းသူ မနှင်းမာလာခိုင်နှင့် ဒုတိယတန်းကျောင်းသူကလေး မအိသဇင်ဖြိုးတို့နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ကလေးဝေဒနာရှင်များသည် ချုပ်ရိုးမဖြေရသေးသော်လည်း မခွဲစိတ်မီ ဓာတ်ပုံများနှင့်ယှဉ်ကြည့်သောအခါ လှကောင်းနှင့်မခြား မျက်နှာအလှပေါ်လွင်နေသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

မအူပင်မြို့နယ် 'တပွတ္တာနောင်'ရွာသူ မစန်းထူးနှင့် တွေ့သောအခါ မစန်းထူးက ဝမ်းပန်းတသာဖြင့် သူမ၏ဆေးကုသစရိတ်ကို မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ဇနီး ဒေါ်တင်တင်ဦး (မအူပင်ခရိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက)တို့က ပေးလှူခဲ့ကြောင်း ပြောပြခဲ့သည်။ ဝေဒနာရှင်အားလုံး ရွှင်ပျလန်းဆန်းသော အမူအယာတို့နှင့် တွေ့မြင်ခဲ့ရသည်။ မအူပင်မြို့မှ တရားရုံးဝန်ထမ်းတစ်ဦးဖြစ်သူ ဦးအောင်စိုးမင်းနှင့် ဇနီး မနီနီလွင်တို့က ဝေဒနာရှင်သမီးငယ်လေးကိုပွေ့ချီ၍ နိုင်ငံတော်၏စေတနာကို ဝမ်းသာအားရ တဖွဖွပြောနေရှာသည်။ သူတို့သမီးငယ်၏ ပြောင်းလဲလှပနုလွင်နေသော မျက်နှာကလေးကို မှန်တစ်ချပ်လို အရိပ်တကြည့်ကြည့် ဖြစ်နေရှာလေပြီ။

ထိုအခိုက်မှာပင် မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လူနာများအား ထမင်းလာပို့သောအဖွဲ့နှင့် ဆုံရသည်။ စတင်ခွဲစိတ်သည့် ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၇ ရက်အထိ နံနက်စာ ထမင်းကြော်ကျွေးကြောင်း၊ ခွဲစိတ်ပြီးသည်နှင့် ကလေးဝေဒနာရှင်များကို အချိုရည်တစ်ဘူးစီပေးကြောင်း၊ နေ့စဉ် နေ့လယ်စာနှင့် နံနက်စာပေးပို့နေကြောင်း ရှင်းပြခဲ့သည်။ ဝေဒနာရှင်လူနာအားလုံးကို ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၏ဇနီးက ကျပ်တစ်ထောင်စီ လှူခဲ့ကြောင်းလည်း ထမင်းပို့အဖွဲ့မှ ပုဂ္ဂိုလ်များက ရှင်းပြကြသည်။

အမျိုးသားလူနာဆောင်ရောက်သောအခါ အမျိုးသားလူနာများနှင့်တကွ မြောင်းမြမြို့မှ ကိုဖိုးထူးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ကျေးဇူးကို တသသပြောနေရှာသည်။ သူ မခွဲစိတ်မီက ဓာတ်ပုံကိုပြ၍ ဝမ်းသာမဆုံး ဖြစ်နေရှာသည်။ လပွတ္တာမြို့နယ် ကညတ်ကွင်းကျေးရွာ ခုနစ်တန်းကျောင်းသားလေး မောင်မင်းဇော်ဆိုလျှင် မူလက နှုတ်ခမ်းနှစ်ဖက်စလုံး နှစ်ဖက်ကွဲနေပြီး အာခေါင်ကွဲနေသော ဝေဒနာရှင်ဖြစ်ကြောင်း ဓာတ်ပုံကလေး ထုတ်ပြသည်။ သူ၏ခွဲစိတ်ချိန်မှာ လေးနာရီကြာပြီး ခွဲစိတ်ပေးသော ဆရာဝန် ဆရာမများ မတ်တပ်ရပ်၍ တပင်တပန်းကုသရကြောင်း ပြောပြခဲ့သည်။

ပုသိမ်မြို့မှ ဝေဒနာရှင် သူရဇော်မှာ ပုသိမ်တက္ကသိုလ်မှ ပထမနှစ်ကျောင်းသားတစ်ဦး ဖြစ်သည်။ မိခင် ဒေါ်ကြူကြူက "သူရဇော် တစ်နှစ်သားအရွယ်ခန့်က ရန်ကုန်မြို့တွင် နှုတ်ခမ်းကွဲ ကုသခဲ့ဖူးကြောင်း၊ ယခု အာခေါင်ကွဲကို ကုသခဲ့ကြောင်း၊ ပထမကုသစဉ်က စရိတ်အကုန်များခဲ့ပြီး ယခု နိုင်ငံတော်၏စေတနာကြောင့် အခမဲ့ကုသခဲ့ရကြောင်း၊ စကားမပီသော သား စကားပီသစွာ ပြောဆိုနိုင်လာသဖြင့် ဝမ်းသာကြောင်း" မျက်ရည်ဝဲစွာ ရှင်းပြခဲ့သည်။

ခြင်ကျား (မအူပင်)

ဘိုကလေးမြို့မှ ဝေဒနာရှင် မောင်ဇော်ရှင်း၏ အစ်မဖြစ်သူ မနှင်းသစ္စာကလည်း "သူမကိုယ်တိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်တစ်ဦးဖြစ်ကြောင်း၊ မအူပင်ဒေသကိုမရောက်ခင်က တခြားမြို့ရွာတွင် သွားရောက်ကုသရမည်ဖြစ်၍ စိုးရိမ်ခဲ့ကြောင်း၊ လက်တွေ့ကြုံရသောအခါ မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက နွေးထွေးစွာကြိုဆိုပြီး လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းပေးခဲ့ကြောင်း" ပြောပြသည်။

ဤသို့ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များ ကုသရာတွင် ပုသိမ်မြို့နယ်မှ တစ်ဦး၊ ဖျာပုံမြို့နယ်မှ နှစ်ဦး၊ မြောင်းမြမြို့နယ်မှ ၁၂ ဦး၊ ဘိုကလေးမြို့နယ်မှ သုံးဦး၊ ပန်းတနော်မြို့နယ်မှ ငါးဦး၊ လပွတ္တာမြို့နယ်မှ သုံးဦး၊ ဒေးဒရဲမြို့နယ်မှ တစ်ဦး၊ ညောင်တုန်းမြို့နယ်မှ သုံးဦး၊ ကျိုက်လတ်မြို့နယ်မှ ငါးဦးနှင့် မအူပင်မြို့နယ်မှ ၂၁ ဦး စုစုပေါင်း ၅၆ ဦး ကုသပေးခဲ့ကြောင်း သိရသည်။

ဤလှုပ်ရှားမှုနှင့်ပတ်သက်၍ ဂနသေချာစွာရှင်းပြနိုင်မည့် မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာမြတ်ထံ ကျွန်တော်နှင့် ကိုမြင့်ဦးတို့ သွားရောက်မေးမြန်းခဲ့သည်။ ဒေါ်နီလာမြတ် ရှင်းပြတော့မှ မွန်မြတ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကြီးသည် ပိုမိုနက်ရှိုင်းမှု ရှိကြောင်း သိမြင်ခွင့်ရလာတော့သည်။

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီသည် တိုင်းအတွင်း ယခု မအူပင်ဒေသအပါအဝင် ပုသိမ်၊ ညောင်တုန်းမြို့နယ်များ၌ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို ကျန်းမာရေးစောင့်ရှောက်မှု သုံးကြိမ်မြောက် ဆောင်ရွက်ခဲ့ပြီးကြောင်း သိရသည်။ ဤသို့ ဒေသတစ်ခုတွင်သာ အခြေမစိုက်ဘဲ ရွှေ့ပြောင်းဆောင်ရွက်ခြင်းမှာ အခြေစိုက်ဒေသဝန်းကျင်ရှိ ဝေဒနာရှင်များ အလွယ်တကူ ကုသမှုခံယူနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

မအူပင်ဒေသတွင် အခြေစိုက်ကုသသော လုပ်ငန်းများ အောင်မြင်ရေးအတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ငါးသိန်း၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက အလှူငွေကျပ် လေးသိန်း၊ ကုသရေးဆရာဝန်ကြီးများအဖွဲ့က ငွေကျပ်လေးသိန်း တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းခဲ့သည်။ ထို့ပြင် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်တင်တင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နီလာမြတ်တို့၏ ဦးဆောင်မှုဖြင့် စေတနာရှင်ပြည်သူအများကလည်း ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့မှ ဆရာဝန်ကြီးများဖြစ်သော မေးရိုးနှင့် ခံတွင်းအထူးကု ဒေါက်တာ ဦးကိုကိုမောင်၊ လက်ထောက်ကထိက ဒေါက်တာအောင်လွင်ဦး၊ ကထိက မေ့ဆေးပါရဂူ ဒေါက်တာကြည်ကြည်စန်း၊ သူနာပြုဆရာမကြီး ဒေါ်ခင်မာချို၊ အထက်တန်းသူနာပြုဆရာမ ဒေါ်ဒိန်ချန့်ဝုန်၊ သူနာပြုဆရာမ ဒေါ်ကလျာဝင်းနှင့် သွားတုကျွမ်းကျင် ဦးစိန်ဆန်းတို့ ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကုသရေးအဖွဲ့သည် ၁၀-၁-၂၀၀၄ မှ ၁၆-၁-၂၀၀၄ ရက်ထိ ခုနစ်ရက်ကာလအတွင်း နံနက် ၈ နာရီမှ ည ၈ နာရီအထိ လူနာများကို အသုတ်ခွဲ၍ ပင်ပန်းကြီးစွာကုသပေးရပြီး ခက်ခဲမှုရှိလာသည့်အခါ ည ၁၀ နာရီတိုင်အောင် ကုသပေးခဲ့ရကြောင်းလည်း သိရသည်။ ခွဲစိတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် မအူပင်မြို့မှ ခရိုင်ဆရာဝန်ကြီး ဒေါက်တာသိမ်းဝေနှင့် ဆရာဝန် ဆရာမများ၊ မအူပင်ဆေးရုံမှဝန်ထမ်းများ ပူးပေါင်းပါဝင်ကူညီခဲ့ကြသည်ဟုလည်း သိရသည်။

မအူပင်ဒေသတွင်းအခြေစိုက်၍ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၇၀ ကုသရန် လျာထားသည့်အနက် အချို့မှာ အဆုတ်ရောဂါ၊ နှလုံးရောဂါနှင့် ကိုယ်ဝန်ဆောင်များဖြစ်သည်။ ဆေးမအောင်သူများကို ချန်လှပ်ထားခဲ့သည်ဟု ဆိုသည်။ လူနာ ၁၀ ယောက်ကို ကိရိယာစုံလင်သော ရန်ကုန်မြို့သို့ ဆရာဝန်ကြီးများအဖွဲ့က ခေါ်သွားရန် စီစဉ်ထားသည်။

ကုသရေးလုပ်ငန်းအောင်မြင်ရန် ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်နှင့်မြို့နယ် ကြက်ခြေနီအသင်းနှင့် ဒေသတွင်းရှိ စေတနာရှင်ပြည်သူများက အင်တိုက်အားတိုက်ပါဝင်ခဲ့ကြသည်။

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၌ မအူပင်ဒေသတွင် အခြေစိုက်ကုသပေးသော ဆရာဝန်ကြီးများနှင့် ပံ့ပိုးကူညီကြသူများကို ၁၆-၁-၂၀၀၄ ရက်နေ့တွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဂုဏ်ပြုခဲ့သည်။ ထိုဂုဏ်ပြုပွဲသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့်ဇနီး ဒေါ်တင်တင်ဦး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာမြတ်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကြက်ခြေနီအသင်းတို့ တက်ရောက်ခဲ့သည်။

ဤသို့ နိုင်ငံတော်၏ဦးဆောင်မှု၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ကြီးကြပ်မှုဖြင့် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေပုံကို လက်တွေ့မြင်ရသောအခါ ကွယ်လွန်သွားပြီဖြစ်သော ဘကြီးစံခင်ကို သတိရမိသည်။ ဘကြီးစံခင်သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာသည်တစ်ဦး ဖြစ်သည်။ နှုတ်ခမ်းက နှစ်ဖက်ကွဲနေပြီး နှာခေါင်းဝတွင် အသားစိုင်တုကြီးတစ်ခုလည်း ဖြစ်ပေါ်နေသည်။ သွားဖုံးများပါ ကွဲလျက်ရှိပြီး သွားများပါ မညီမညာဖြစ်နေသည်။

ယခုတွင်မူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး ပေါ်ထွန်းလာပြီး ထိုအသင်းမှဦးဆောင်၍ တစ်နိုင်ငံလုံးဖြန့်ကြက်ကာ ပြည်သူတို့၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်နေပေပြီ။ ကျန်းမာရေးစောင့်ရှောက်မှုတွင် တစ်ခုအပါအဝင်ဖြစ်သော မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို ရပ်အလှုဆင်ကုသမှုများ တစ်နိုင်ငံလုံးဖြန့်ကြက်လျက် ဆောင်ရွက်နေသည်ကို မြင်တွေ့ရလေပြီ။

ကျွန်တော်နှင့် သတင်းထောက်မြင့်ဦးတို့ ကုသရာနေရာသို့ ကိုယ်တွေ့လေ့လာရာတွင် ကုသပြီးသော လူနာများသည် ကုသမှုမပြုမီက ရိုက်ကူးထားသော ဓာတ်ပုံကိုကြည့်လိုက်၊ မှန်တစ်ချပ်ကိုကြည့်လိုက်နှင့် ဝမ်းသာပီတိဖြစ်နေကြပုံ ရသည်။

သို့သော် ကျွန်တော့်အမြင်၌မူကား ကြည့်မှန်တစ်ချပ်ပေါ်တွင် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များ၏ ကုသပြီး လှပနေပြီဖြစ်သော မျက်နှာအပြင် နိုင်ငံတော်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အလှူရှင်ပြည်သူတို့၏ စေတနာပုံရိပ်များပါ ဖြစ်ပေါ်နေသည်ဟု ယူဆနေမိကြောင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို လှိုက်လှဲစွာ ဂုဏ်ပြုရေးသားလိုက်ရပေသတည်း။ ။

မြဝတီရုပ်မြင်သံကြား

၁၉-၂-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Operant Conditioning (ပထမနှစ်-စိတ်ပညာ)
၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"**(အပိုင်း-၁၈)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှိုပုနှင့်သောင်းချမ်"** (အပိုင်း-၃၂)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဒဂုံမြို့သစ် (မြောက်ပိုင်း) အမက(၁) ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ တတိယတန်းတွင် ဘာသာစုံဒုတိယ၊ စတုတ္ထတန်းတွင် ကျောင်းမိသားစုအဆင့် မြန်မာစာ ပထမနှင့် သိပ္ပံပထမဆုရ မဝင့်ဇာနည်မောင်မောင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက ဆုချီးမြှင့်စဉ်။
(က-ပ)

ဆလုံတိုင်းရင်းသားများ ရှေးနှစ်ပေါင်းများစွာကပင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် မြို့ရွာနှင့်ကျွန်းများပေါ်၌နေထိုင်ခဲ့ ဆလုံတိုင်းရင်းသားများသည် ရေလုပ်ငန်းဖြင့်သာ အဓိကအသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်

ဆလုံတိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုပျောက်ကွယ်မသွားစေရေး၊လူနေမှုအဆင့်မြင့်တက်လာရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် ကော့သောင်းမြို့နယ် ဗိုလ်ချိုကျွန်းရှိ မကြံ့ဂလက်ကျေးရွာ ကမ်းခြေ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင်၊ ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကျင်းပ ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် လုပ်ငန်းကော်မတီ ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ကော့ သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း နှင့် တပ်မတော်အရာရှိများ၊ မြန်မာ နိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ် သံမှူးများ၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ တနင်္သာရီ တိုင်းမှ တိုင်း၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ နိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ ထိုင်း– မြန်မာ ချစ်ကြည်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန် ရှိသူများ၊ တိုင်းရင်းသား လုပ်ငန်းရှင် များ၊ ခရီးသွားကုမ္ပဏီများ၊ ထားဝယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် များ၊ တနင်္သာရီဒေသရှိ ဇာဒက်ကြီး ကျွန်း၊ ဗိုလ်ချိုကျွန်း၊ ဂျလန်းကျွန်း၊ လန်ပိကျွန်း၊ မြိတ်ကျွန်းစုများ၊ ကတန် ကျွန်း၊ ဒုံးကျွန်းနှင့် ပန်လော်အော် ကျွန်းတို့မှ ဆလုံတိုင်းရင်းသားများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူ များနှင့် ပွဲတော်သို့လာရောက်လေ့လာ ကြသည့် ကမ္ဘာလှည့် ခရီးသည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်မုခ်ဦးရှေ့၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန မှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်း မှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဆလုံ တိုင်းရင်းသားရိုးရာပွဲတော်ကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အစီအစဉ်များကို ပွဲတော်မဏ္ဍပ်၌ ကျင်းပရာ သဘာပတိ အဖြစ် ကော့သောင်းမြို့မှ ဦးတင်ရွှေနှင့် အဖွဲ့ဝင်များအဖြစ်မကြံ့ဂလက်ကျေးရွာ မှ ဦးစိန်မြင့်၊ ဇာဒက်ကြီး ကျေးရွာမှ ဦးအောင်မြင့်တင်၊ ဦးစံငြိမ်းနှင့်ဦးထွန်း မြင့်တို့က ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိအဖွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ပွဲတော် သို့တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ် အုန်းမြင့်က အဖွင့်အမှာစကားပြော ကြားရာတွင် ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်ကို ဆလုံတိုင်းရင်းသား များ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးတမ်း အစဉ်အလာများ ဖော်ထုတ် မြှင့်တင်ပေးရန်၊ မြိတ်ကျွန်းစုအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာစေရန်၊ ဆလုံတိုင်းရင်း သားလူထု၏ လူနေမှု အဆင့်အတန်း ကို မြှင့်တင်ပေးရန်စသည့် ရည်ရွယ် ချက်များနှင့်အညီ ကျင်းပပြုလုပ်ရခြင်း ဖြစ်ကြောင်း။

ဆလုံလူမျိုးစုနွယ်၏ သမိုင်း အကျဉ်းကို တင်ပြရလျှင် မြိတ်ကျွန်း စု၌ နေထိုင်ကြသည့် ဆလုံလူမျိုးများ ကို ယခင်ကမော်ကင်း(Moken)ဟု ခေါ်ကြပြီး မော်ဆိုသည်မှာ နစ်တယ် ဟု အဓိပ္ပာယ်ရကြောင်း၊ ကင်းမှာ ဆားငန်ရေ(သို့မဟုတ်) ပင်လယ်ရေဟု အဓိပ္ပာယ်ရကြောင်း။ ထို့ကြောင့် မော်ကင်းဟူသော စကားသည် ပင်လယ်၌ နစ်မြုပ်နေသူဟု အဓိပ္ပာယ် ရကြောင်း၊ ဆလုံလူမျိုးများသည် သြစတြစ်အနွယ်ဝင်များဖြစ်ကြပြီး ဘိုးဘေးအစဉ်ဆက်ကပင် မြန်မာနိုင်ငံ ကုန်းပိုင်းဒေသနှင့် မလေးကျွန်းစုတို့၌ နေထိုင်ကျက်စားခဲ့ကြကြောင်း၊ (၁၉) ရာစုနှစ် မတိုင်မီကပင် မြိတ်ကျွန်းစု ပင်လယ် ကမ်းရိုးတန်းတစ်လျှောက် ကဗန်းခေါ် လှေငယ်များဖြင့် သွားလာ ကျက်စား လှည့်လည်၍ ရေလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေ သော လူမျိုးတစ်မျိုးလည်း ဖြစ် ကြောင်း၊ ဆလုံလူမျိုးများသည် တစ် နေရာတည်း၌ အတည်တကျ နေထိုင် ခြင်းမရှိဘဲ ပင်လယ်ပြင်အနှံ့ သွားလာ လုပ်ကိုင်စားသောက်လေ့ရှိကြပြီး လှိုင်း လေပြင်းထန်သည့် မိုးရာသီ အချိန်မျိုး တွင် ဆွေမျိုးစုအလိုက် လေဒဏ်၊ လှိုင်းဒဏ် ကာကွယ်သည့် နီးစပ်ရာ ကျွန်းများ၊ ရေချိုရနိုင်သည့်အော်များ၊ ဂလက်များ၌ မှီခိုနေထိုင်ကြပြီး မိုးရာသီကုန်ဆုံးသည်နှင့် ပင်လယ်ပြင် တွင်ကျက်စားတတ်ကြကြောင်း၊အများစု သည် နတ်ကိုးကွယ်ကြပြီး မကြံ့ ဂလက်၊ ဇာဒက်ကြီး၊ ညောင်ပိကျွန်း များရှိ ဆလုံလူမျိုးများမှာ ဗုဒ္ဓဘာသာ ကို သက်ဝင်ယုံကြည် ကိုးကွယ်နေကြ ပြီ ဖြစ်ကြောင်း။

မုတ္တမ၊ ရေး၊ ထားဝယ်၊ တနင်္သာရီ စသည့် ကမ်းရိုးတန်း တစ်လျှောက် မြို့ရွာများနှင့် ကျွန်းများပေါ်၌ ဗမာ၊ မွန်၊ကရင်၊ ဆလုံစသည့် တိုင်းရင်း သားများသည် ရှေးနှစ်ပေါင်းများစွာ ကပင် အခြေစိုက်နေထိုင်ခဲ့ကြကြောင်း၊ ထူးခြားသည်မှာ ဆလုံလူမျိုးများ ပင်ဖြစ်ကြောင်း၊ ဆလုံတိုင်းရင်းသား တို့၏ လူနေမှုဘဝ၊ ပင်လယ်ပြင်ကို ချစ်မြတ်နိုးမှု၊ လွတ်လပ်စွာ ဝတ်စား ဆင်ယင်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှု များသည် စိတ်ဝင်စားစရာ ကောင်း လှကြောင်း။

ဆလုံလူမျိုးသည် ဘုတ်ပြင်း မြို့နယ်၊ဇာဒက်ကြီးကျွန်း၊ ဗိုလ်ချို ကျွန်း၊ဂျလန်းကျွန်း၊လန်ပိကျွန်း၊ မြိတ် ကျွန်းစုများ၊ ကတန်ကျွန်း၊ ဒုံးကျွန်း၊ ပန်လော်အော်စသည့် ကျွန်းများတွင် နေထိုင်လျက်ရှိကြပြီး ရေလုပ်ငန်းဖြင့် သာ အဓိကအသက်မွေးဝမ်းကျောင်း ပြုကြသူများ ဖြစ်ကြသည့်အတွက် ရေငုပ်ရာတွင် အထူးကျွမ်းကျင်သူများ ဖြစ်၍ ဆလုံတိုင်းရင်းသား ရိုးရာ ပွဲတော်၌ ဆလုံလူမျိုးများ၏ ရေငုပ် ပြိုင်ပွဲ၊ လှေပြိုင်ပွဲတို့ကို ထည့်သွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ် ဝန်းလုံး၌ ကွက်လပ်မရှိ ဖွံ့ဖြိုးတိုးတက် အောင် စိတ်ကောင်းစေတနာကောင်း ဖြင့် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိသကဲ့သို့ အဘက်ဘက်မှ အား ပေးကူညီကြသည့် အချိန်အခါကောင်း တွင် ညီအစ်ကိုတိုင်းရင်းသား လူမျိုး နွယ်စုဖြစ်သော ဆလုံတိုင်းရင်းသားများ သည် တည်ရှိပြီးဖြစ်နေသည့် ငြိမ်းချမ်း သာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများကို အစဉ်ထာဝရ တည်တံ့ခိုင်မြဲတိုးပွားစေရအောင် ဝိုင်း ဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ လူမှု ဘဝနှင့် စီးပွားရေး၊ ကျန်းမာရေး တို့ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည် ဖြစ်ကြောင်း၊ ဆလုံတိုင်းရင်းသားများ ၏ ရိုးရာယဉ်ကျေးမှုပျောက်ကွယ်မ သွားရေး၊ ကမ္ဘာ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ပြီး ဆလုံလူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်တက် လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် စည်းကမ်း ပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာ ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင် စေရန် ပြည်သူလူထုအားလုံးက အမျိုး သားရေးစိတ်ဓာတ် ထက်သန်ခိုင်မာ စွာဖြင့် ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆလုံတိုင်းရင်းသားများ အတွက် ဆန်အိတ်များကို ဆလုံ တိုင်းရင်းသားကိုယ်စားလှယ်တစ် ဦးအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ် အုန်းမြင့်က ဆလုံတိုင်းရင်းသား များအတွက် ရုပ်မြင်သံကြားစက် တစ်လုံးကိုလည်းကောင်း၊ ဝန်ကြီးဗိုလ် မှူးချုပ်သိန်းဇော်က မကြံ့ဂလက်ကျေး ရွာအတွက် ဂြိုဟ်တုဆက်သွယ်ရေး စက်တစ်လုံးကိုလည်းကောင်း၊ ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်က ပွဲတော် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ကြသော တပ်မတော်သားများနှင့် ဌာန ဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြု ငွေများကိုလည်းကောင်း၊ လက်ဆောင် များအဖြစ် ဆလုံတိုင်းရင်းသားကိုယ် စားလှယ်များနှင့် တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များအသင်းက မကြံ့ ဂလက်ကျေးရွာအတွက်အထည်အလိပ် များ၊လိုင်စင်ရစက်တပ်ရွက်လှေကုမ္ပဏီ များကဆလုံတိုင်းရင်းသားများအတွက် စောင်များနှင့် Shambhala Co.က ဆလုံ တိုင်းရင်းသားများ အတွက် ပွဲတော်ခရီးစဉ် လုပ်ငန်း ဆောင်ရွက် မှုဖြင့်ရရှိသော အမြတ်ငွေများဖြစ်သည့် ဒေါ်လာ ၁၅၀၀တန်ဖိုးရှိ ပစ္စည်းများကို လက်ဆောင်များအဖြစ် ဆလုံတိုင်းရင်း သား ကိုယ်စားလှယ်များအား ပေး အပ်ကြသည်။

ထို့နောက် ဆလုံတိုင်းရင်းသား ကိုယ်စားလှယ် တစ်ဦးက ဒုတိယဗိုလ် ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဝန်ကြီး၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

လက်ဆောင်ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆလုံ တိုင်းရင်းသား ရိုး ရာ ပွဲတော် ဖွင့်ပွဲတွင် ဆလုံရိုးရာ မှိန်းများကို ဆလုံ တိုင်း ရင်းသားများအား လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ဖွင့်ပွဲတွင် ဆလုံတိုင်းရင်းသားများအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများအား ပွဲတော်အမှတ်တရလက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပွဲတော်လာကမ္ဘာလှည့်ခရီးသည်များအား ပွဲတော်အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ ဒေသခံဆလုံတိုင်းရင်းသားတစ်ဦးက ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆလုံတိုင်းရင်းသားရိုးရာအကအဖွဲ့နှင့် ထားဝယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တို့က တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆလုံရိုးရာမိန်းများကို ဆလုံတိုင်းရင်းသားများအား လက်ဆောင်အဖြစ်ပေးအပ်သည်။

ထို့နောက် ဆလုံတိုင်းရင်းသားများနှင့် ထားဝယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ပွဲတော်လာဧည့်သည်တော်များ၊ ကမ္ဘာလှည့်ခရီးသည်များနှင့်အတူ ပျော်ရွှင်ရင်းနှီးစွာ စုပေါင်းကခုန်ကြသည်။

ယင်းနောက် ဆလုံတိုင်းရင်းသားရိုးရာ အကအဖွဲ့အား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ငွေကျပ်နှစ်သိန်းနှင့် Moby Dick Tours Co., Ltd. တို့က ငွေကျပ်ငါးသိန်းတို့ကို ဆုငွေအဖြစ်ချီးမြှင့်ပေးအပ်ကြသည်။

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ဖွင့်ပွဲအခမ်းအနားမကျင်းပမီ ဖေဖော်ဝါရီ၁၄ရက်မှစတင်၍ ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် ပွဲတော်သို့ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆလုံတိုင်းရင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများ၊ လှေလွှန်ဆွဲပြိုင်ပွဲ၊ ပစ္စည်းရှာရေငုပ်ပြိုင်ပွဲ၊ ရေငုပ်သရုပ်ပြခြင်း၊ ရိုးရာငါးမျှားပြိုင်ပွဲ၊ ရေပေါ်ကြိုးတန်းလမ်းလျှောက်ပြိုင်ပွဲ၊ ရိုးရာလှေထွင်းပြိုင်ပွဲနှင့် ချောတိုင်တက်ပွဲများကိုကျင်းပခဲ့ပြီး ညပိုင်းတွင် မီးပုံပွဲကို ကျင်းပခဲ့ကြောင်းသိရှိရသည်။

ထို့ပြင် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းပြခန်း၊ ဆလုံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ မြန်မာ့တောင်ပင်လယ်အလုပန်းချီအရောင်းပြခန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ပြသရောင်းချလျက်ရှိသည်ကို တွေ့မြင်ရသည်။

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်၌ ပြည်တွင်းမှ ပွဲတော်လာဧည့်သည် ၆၅၀၀ကျော်နှင့် ကမ္ဘာလှည့်ခရီးသည် ၂၇၀ကျော်တို့ လာရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ဖွင့်ပွဲတွင် ဆလုံတိုင်းရင်းသားများနှင့် ထားဝယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ပွဲတော်လာ ဧည့်သည်တော်များနှင့်အတူ ပျော်ရွှင်ရင်းနှီးစွာ စုပေါင်းကခုန်ကြစဉ်။
(သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒယ်လီယာ၊ ဒိုမင်ဂို၊ အယ်လ်ဘတ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တရားဝင်ခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမေနှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ လိုက်ပါလာကြသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့ အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၌ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၉ရက်အထိ ၁၀ရက် တရားစခန်းပွဲတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ကမ္မဋ္ဌာနာစရိယ အင်းစိန်မြို့ ပေါက်တောကျောင်းတိုက် နယ်လှည့်ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တ ဩဘာသ [သာသနဓဇ သဒ္ဓမ္မနေပုည ဓမ္မာစရိယ B.A (မြန်မာစာ)] အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

တရားတော်ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပခုက္ကူမြို့ မိုးကုတ် ဝိပဿနာ မင်္ဂလာရိပ်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ သာသနာ ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုန္ဒရ၏ ပြည်တွင်းသာသနာပြု ဓမ္မခရီးစဉ် ဟောကြားမည့်ဌာနများမှာ ဓနုဖြူမြို့နယ် ကျူကဇင်းကျောင်းတွင် တပို့တွဲလဆန်း ၈ ရက်မှ တပို့တွဲလကွယ်အထိ၊ ကျင်း(ထီးလင်း)တွင် တပို့တွဲ လပြည့်ကျော် ၂ရက်မှ ၆ရက်အထိ၊ ကျွန်းချောင်းဓာတ်မြေဩဇာတွင် တပို့တွဲလပြည့်ကျော် ၉ရက်မှ၁၃ရက်အထိ၊ ရွှေလှန်တွင် တပေါင်းလဆန်း ၂ ရက်မှ ၆ရက်အထိ၊ ရန်ကုန်တိုင်းလှိုင်မြို့နယ်တွင် တပေါင်းလဆန်း ၈ ရက် ၁၂ ရက်အထိ သာသနာပြု ဓမ္မခရီးစဉ်များကို မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားအစဉ် ဓမ္မအမြင်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အမျိုးသမီးအသင်းလိုက်ပထမရရှိသွားသော မန္တလေးတိုင်းအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒိုင်းဆုကြီး ချီးမြှင့်စဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

(၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ
အမျိုးသားအသင်းလိုက် ဧရာဝတီတိုင်းဗိုလ်စွဲ၊ အမျိုးသမီးအသင်းလိုက် မန္တလေးတိုင်းဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပရာ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းဗိုလ်စွဲပြီး သုံးနှစ်ဆက်တိုက် ပထမဖြင့် ဒိုင်းဆုကြီးကို အပိုင်ဆွတ်ခူးသွားသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

မန္တလေးတိုင်း အမျိုးသမီးအသင်းသည် ၁၉၉၉ခုနှစ်မှ ယခု ၂၀၀၄ခုနှစ်အထိ ခြောက်နှစ် ဆက်တိုက်ပထမဖြင့် ပထမဒိုင်းဆုကြီးကို လက်ဝယ်ပိုင်ပိုင် နှစ်ကြိမ် ရရှိထားသည်။ အလားတူ ယခုနှစ်အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသွားသည့် ဧရာဝတီတိုင်းအသင်းသည် ၂၀၀၂ခုနှစ်မှ ယခု ၂၀၀၄ခုနှစ်အထိ သုံးနှစ်ဆက်တိုက်ဖြင့် ပထမဒိုင်းဆုကိုအပိုင်ရရှိပြီး ဧရာဝတီတိုင်းသို့ သယ်ဆောင်သွားသည်။

ဆုပေးပွဲ အခမ်းအနားအပြီးတွင် ဧရာဝတီတိုင်းနည်းပြ ဦးညိုထွန်း၊ အမျိုးသား အကောင်းဆုံးအားကစားသမားဆုရလှဝင်းနိုင်(ဧရာဝတီ)၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ထားထားလွင်တို့နှင့် မြန်မာ့အလင်းက တွေ့ဆုံရာ ၎င်းတို့၏ လေ့ကျင့်ပုံနှင့် ပြိုင်ပွဲအတွေ့အကြုံများကို မေးမြန်းခဲ့သည်။

ဧရာဝတီတိုင်းနည်းပြ ဆရာဦးညိုထွန်းက “မိမိအနေဖြင့် ကစားသမားနည်းပြ၊ အုပ်ချုပ်သူအဖြစ်လိုက်ပါခွင့်ရသည်မှာ အကြိမ် ၃၀ ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် နည်းပြအဖြစ်လိုက်ပါခွင့်ရရှိပြီး ယခုကဲ့သို့ အမျိုးသားပထမဒိုင်းဆုကြီးနှင့် အမျိုးသားအကောင်းဆုံးအားကစားသမားဆုများ မိမိတို့တိုင်းက ရရှိသည့်အတွက် ကျေနပ်အားရမိကြောင်း၊ မိမိတို့ ကစားသမားများသည် သင်ပြထားသည့် အပြင် ဖြတ်ထိုးဉာဏ်ပါကောင်း၍ ယခုကဲ့သို့ အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ မိမိတို့အမျိုးသားအသင်းတွင် ယခင်အကောင်းဆုံးအားကစားသမားဆု သုံးကြိမ်ရရှိထားသူ သန်းထိုက်ပါဝင်လာပြီး အမျိုးသားအသင်းတောင့်တင်းခိုင်မာကာ စည်းစည်းလုံးလုံးကစားနိုင်ခဲ့၍ ဗိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ကစားစဉ်ကထက် ကျွေးမွေးပြုစုမှု ပိုမိုကောင်းမွန်လာပြီး၊ ကစားကွင်းများမှာ အဆင့်အတန်းမြင့်မား ကောင်းမွန်လာပြီး နိုင်ငံတကာအဆင့်မီကွင်းများဖြစ်ကြောင်း၊ လာမည့်ပြိုင်ပွဲများတွင်လည်းဒိုင်းအပိုင်ရရှိအောင်ကြိုးစားသွားမှာ ဖြစ်ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ လှဝင်းနိုင်(ဧရာဝတီ)က “မိမိအနေဖြင့် ၁၉၉၃ ခုနှစ် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲမှစတင်ပါဝင်ကစားပြီး မိမိ လက်ဦးဆရာမှာ ဦးကျော်သန်းနှင့် ဦးတင်နိုင်တို့ဖြစ်ကြောင်း၊ ၁၉၉၆ ခုနှစ်တွင် အဖွဲ့ချုပ်မှ လူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်ခံရပြီး ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် အသက်(၁၈)နှစ်အောက် လူငယ်တင်းနစ် ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်ခဲ့ဖူးကြောင်း၊ ဆုမရရှိသော်လည်း နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံများ ရရှိ၍ ယခုကဲ့သို့ အောင်မြင်မှုများရရှိ ခြင်းဖြစ်ကြောင်း၊ ကစားကွင်းတွေ အနေဖြင့် ယခင်နှစ်များထက် ကောင်းမွန် တိုးတက်လာပြီး နိုင်ငံတကာပြိုင်ပွဲကွင်းအဆင့်မီကြောင်း၊ ယခုနှစ် မိမိတို့အသင်း အသင်းလိုက် ပထမရရှိမှ ဒိုင်းအပိုင်ရရှိမည်ဖြစ်၍ အားလုံးစည်းလုံး ညီညွတ်စွာ ယှဉ်ပြိုင်ခဲ့ကြ၍ အောင်ပွဲဆင်နိုင်ခြင်းဖြစ်ကြောင်း” ပြောကြားသွားသည်။

“နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံနှင့် အသင်းလိုက် စည်းလုံးမှုကြောင့် ပထမရရှိပြီး သုံးနှစ်ဆက်တိုက် ဒိုင်းအပိုင်ရရှိခြင်းဖြစ်ကြောင်း” အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ ဧရာဝတီတိုင်းမှ လှဝင်းနိုင်။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ ထားထားလွင် (မန္တလေး)က ဆက်လက်ပြောကြားရာတွင် “မိမိတို့အသင်း ၁၉၉၉ မှ ယခု ၂၀၀၄ ခုနှစ်အထိ ခြောက်နှစ်ဆက်တိုက် ပထမရရှိပြီး ဒိုင်းဆုကြီး အပိုင် နှစ်ကြိမ်ရရှိ၍ အထူးပင်ဝမ်းသာမိပါကြောင်း၊ ယခုနှစ် ပထမရရှိရန် မိမိအသင်းသားများနှင့် ကြိုးစားကစားကြသည့်အတွက် အပိုင်ဒိုင်းအပြင် အမျိုးသမီးအကောင်း ဆုံးဆုကိုပါ ရရှိ၍ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ မိမိ အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုကို ၁၉၉၉ ခုနှစ်၊ ၂၀၀၁ ခုနှစ်၊ ၂၀၀၂ ခုနှစ်နှင့် ယခု ၂၀၀၄ ခုနှစ်အထိ လေးကြိမ် ရရှိထားကြောင်း၊ ယခု ပြိုင်ပွဲကျင်းပသည့်ကွင်းမှာ အထူးကောင်းမွန်ပြီး ကျွေးမွေးဧည့်ခံမှု ယခင်နှစ်များထက် များစွာကောင်းမွန်လာသည်ကို သတိပြုမိကြောင်း၊ ရှေ့လာမည့် ပြိုင်ပွဲများတွင်လည်း ဆုများရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

(မြန်မာ့အလင်း)

19-2 (12).p65 1 3/28/05, 11:26 PM

တိုင်းပြည်၊ လူမျိုးနှင့်အမျိုးသမီးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေး အမျိုးသမီးရေးရာအဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ယင်းနေ့ညနေ ၃ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ငွေ၊ မန္တလေးတိုင်းအမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။

လှူဒါန်းငွေ လက်ခံယူ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

တိုက်တွန်းမှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အမျိုးသမီးထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ သွားရောက်၍ လုပ်ငန်းရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုမိမိတို့အဖွဲ့သည် မန္တလေးတိုင်းမန္တလေးမြို့သို့ လာရောက်၍ မန္တလေးတိုင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြင့်တင်ရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံမှုရှိစေရေး အပါအဝင် မွန်မြတ်သောရည်ရွယ်ချက် ခုနစ်ရပ်ဖြင့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်အား ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းများပိုမိုကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တာဝန်ယူထားသော အမျိုးသမီးရေးရာ အဖွဲ့ဝင်များအနေဖြင့် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိ အမျိုးသမီးထုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်ထား၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ဟူသော အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ဆောင်ပုဒ်နှင့်အညီ တက်တက်ကြွကြွ စည်းလုံး ညီညွတ်စွာ ပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

တာဝန်ဝတ္တရားများရှင်းလင်း

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်းက အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များလျှောက်ထားပုံများကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ အမျိုးသမီးငယ်/ရွယ်၊ ယဉ်ကျေးမှု၊ တိုင်းရင်းသားရေးရာနှင့်စည်းရုံးရေးအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာအကြံပြုရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးကြည်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြား/ ဆက်သွယ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး၊ စီမံရေးရာလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်းအသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များကအလှူငွေများပေးအပ်လှူဒါန်းကြရာ လှူဒါန်းငွေစုစုပေါင်း ၆၄ သိန်းငါးသောင်းဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း တိုင်းအဆင့်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ညီ့ရိပ်သာ၌ ကျင်းပသည်။ အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသော မရှင်းလင်းသည့် အချက်အလက်များ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး မန္တလေးတိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင်များက မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊ တပို့တွဲလကွယ်နေ့ (ဥပုသ်နေ့) ၁၉–၂–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း၊

- ၇:၀၀ ၁။ အဘိဓမ္မ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၀ ၆။ အကပဒေသာ
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း၊

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရူပဗေဒ]
- ၁၇:၁၅ ၆။ **"အဲဒီမှာ စတွေ့တာပဲ"** (မင်းအုပ်စိုး၊ ၄က်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၀၀ ၁၀။ သက်တံရောင်သံစဉ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success in Soccer
- ၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း–၁၉)
- ၁၉:၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ
- ၂၀။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

မြန်မာစာဆိုထီလာစစ်သူအား One Thousand Greats အဖြစ် နိုင်ငံတကာကိုယ်ရေးအတ္ထုပ္ပတ္တိပြုစုရေးဗဟိုဌာနက ပုံနှိပ်ဖော်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတကာကိုယ်ရေးအတ္ထုပ္ပတ္တိ ပြုစုရေးဗဟိုဌာနသည် ပုဂ္ဂိုလ်ကျော်တစ်ထောင် (One Thousand Greats)အတ္ထုပ္ပတ္တိစာအုပ်ကြီးကို ၂၀၀၃ ခုနှစ်ကုန်ပိုင်းတွင် ပုံနှိပ်ထုတ်ဝေခဲ့ရာ မြန်မာနိုင်ငံမှ မြန်မာစာဆို ဦးစိုးညွန့်(ထီလာစစ်သူ) ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)၏ ကိုယ်ရေးအတ္ထုပ္ပတ္တိပါဝင် ဖော်ပြထားသည်။ မြန်မာစာဆိုထီလာစစ်သူအား ၂၀၀၂ခုနှစ်တွင် နိုင်ငံတကာကိုယ်ရေးအတ္ထုပ္ပတ္တိ ပြုစုရေးဗဟိုဌာနက ချီးမြှင့်သော အာရှပုဂ္ဂိုလ်ကျော်တစ်ထောင် (One Thousand Greats for Literature and Government Service)နှင့် ၂၁ရာစုနှစ် ထူးချွန်ပုဂ္ဂိုလ်ကျော် (21st Century Award for Achievement for Literary and Government Service, Outstanding People) အဖြစ် ဂုဏ်ပြုချီးမြှင့်၍ ဂုဏ်ပြုမှတ်တမ်းများကို အပ်နှင်းခဲ့သည်။

ယင်းစာအုပ်ကြီးတွင် One Thousand Great Asians, One Thousand Great Intellectuals, One Thousand Great Scholars, One Thousand Great Scientists ဟူ၍ ပညာကျော်လေးမျိုး ဖော်ပြထားပြီး နိုင်ငံတကာရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်များ၊ သုတေသနဌာနများက ဝယ်ယူထားရှိကြသည်ဟု သိရသည်။

(က–ပ)

ပြည်သူ့အတွက် မြန်မာ့ရုပ်သံ

(တျာချင်း)

* ရာစုသစ်အား၊ ပိုင်းခြားသုံးသပ်လျှင်
မီဒီယာချင်း၊ စစ်ပွဲခင်းသို့ပင်
ကွန်ရက်အသွင်၊ တီထွင်ကာပ
ဆက်သွယ်ရေးရာ၊ နည်းပညာ
သူ ငါ ယှဉ်ပြိုင်ကြသည်တည့်လေး။

* မြော်မြင်ကြံဆ၊ မြန်မာ့မီဒီယာ
ရုပ်သံလွှင့်လျက်၊ ဖြန့်ကြက်ကွန်ရက်ဖြာ
မျက်မှောက်ချိန်ခါ၊ ကမ္ဘာအနှံ့
မြန်မာပြည်တွင်း၊ ဖြစ်ထွန်းခြင်း
သတင်းဝေဆာ ဖြန့်သည်တည့်လေး။

* နှောင့်ယှက်တားဟန့်၊ ခရီးတန့်အောင်လေး
အနောက်လေလှိုင်း၊ မည်သို့ရိုင်းပါစေ ....
ခုခံဖျက်ချေ၊ မတွေဝေကြေး
ဖြစ်ရပ်အမှန်၊ သိရှိရန်
တုံ့ပြန်ချေပ ပေးသည်တည့်လေး။

* တိုင်းပြည် ငြိမ်းအေး၊ ခေတ်ရေးသစ်ချိန်တွင်
ဘက်စုံဖွံ့ဖြိုး၊ ကြိုးစားကြမည်ပင်
အနှံ့ပြည်ခွင်၊ အောင်မြင်မှုများ
ပြည်သူတို့ထံ၊ တင်ပြရန်
ချိန်မှန်အရောက်သွား သည်တည့်လေး။

* ထုတ်လွှင့် ပြန်ကြား၊ အမှန်တရား သိစေလို
ပညာလည်းပေး၊ ဖျော်ဖြေရေး အထိုထို
ယဉ်ကျေး မှုပို၊ ချိုသာခွန်းဆက်
ဘဝသရုပ်မှန်၊ မြန်မာ့ရုပ်သံ
ထုတ်ပြန် ပြည်သူ့အတွက် သာပလေး။

* အဟုတ်အမှန် တစ်ရက်မပျက်
သွက်လက်နေကြသည် ....

* ရုပ်သံလက်နက်
ထက်မြက်စေရမည် ....ိ။ ။

မောင်သင်းပျံ့ (ကျိုက်ထော်)

(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ စည်းဝေး
သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၀၄)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩသဓာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အုပ်ချုပ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ(၁) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်နှင့် မန္တလေး)တို့မှ နာယကချုပ်ဆရာတော်များ၊ မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် အဖွဲ့ဝင်ဆရာကြီးများ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာအစည်းအဝေးကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန် တော့၍ ဖွင့်လှစ်ပြီး တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဩသဓာဘိဝံသ က အဖွင့်ဩဝါဒစကား မြွက်ကြား တော်မူသည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ တက္ကသိုလ်များအုပ် ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ညွှန် ကြားရေးမှူးချုပ် ဦးစန်းလွင်က ပြီးခဲ့ သည့်တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့၏(၂/၂၀၀၃)အစည်းအဝေးမှတ် တမ်းကို တင်ပြအတည်ပြုချက်ရယူ ပြီး ယင်းအစည်းအဝေးနှင့် စပ်လျဉ်း သည့်ဆောင်ရွက်ချက်များကို အသေး စိတ်ရှင်းလင်းတင်ပြလျှောက်ထားသည်။

ထို့နောက် ဖေဖော်ဝါရီ၁ဖရက်တွင် ကျင်းပခဲ့သော သာသနာ့တက္ကသိုလ် များ ဗဟိုပညာရေးအဖွဲ့၏ တင်ပြ ချက်များအပေါ် အဖွဲ့ဝင်ဆရာတော် များက ဝေဖန်ဆွေးနွေးတော်မူပြီး တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်) နှင့်(မန္တလေး)တို့၏ ဆောင်ရွက်ချက် များကို မော်ကွန်းထိန်းဆရာတော်များ က အသီးသီးတင်ပြကြရာ အဖွဲ့ဝင် ဆရာတော်များက တင်ပြချက်များ အပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြ သည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များတွင်သာသန တက္ကသိလဓမ္မပါရဂူသင်တန်း ဖွင့်လှစ် ရန်အတွက် ဆောင်ရွက်ထားရှိမှုကို ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လိုအပ်သည်များကို လျှောက်ထား သည်။

ဩဝါဒစကား

ထို့နောက် တက္ကသိုလ်များအုပ်ချုပ် ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က နိဂုံး ချုပ်ဩဝါဒစကား မြွက်ကြားတော် မူပြီး အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို အဓိဋ္ဌာန် ပြု၍ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၂)ရန်ကုန် နောက်ဆုံးနှစ်အပိုင်း(က)မှ ကျောင်းသား ကျောင်းသူ ကိုးဦးတို့ ပျဉ်းမနားမြို့နယ်သို့ ကွင်းဆင်းလေ့လာကုသရာ ဖေဖော်ဝါရီ ၁၂ ရက်က စည်ပင်သာယာ ကျေးလက်ဆေးပေးခန်း၌ ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးစဉ်။ (က-ပ)

အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲဆက် စီးပွား/ ကူးသန်းက သတ္တုတွင်းကိုအနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ ကူးသန်းအသင်းက သတ္တုတွင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွား သည်။

အကောင်းဆုံး

စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို ဘိုဘိုအောင်က သုံးဂိုး၊ မျိုးသူကျော်က တစ်ဂိုးသွင်းယူပေးသည်။ သတ္တုတွင်းအသင်းအတွက် တစ်လုံး တည်းသော ချေပဂိုးကို ချမ်းမင်းက သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံး ဆုကို စီးပွား/ကူးသန်းအသင်းမှ ဘိုဘိုအောင်က ရရှိသည်။

ယနေ့ပွဲစဉ်အပြီးတွင် စီးပွား/ကူးသန်းအသင်းက ရှစ်ပွဲကစား လေးပွဲ နိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ၁၅ မှတ်ဖြင့် အဆင့်(၆)၌ ရပ်တည်နေသည်။ သတ္တုတွင်းအသင်းက ရှစ်ပွဲကစား တစ်ပွဲနိုင်၊ ခုနစ်ပွဲရှုံး သုံးမှတ်ဖြင့် အဆင့် (၁၅)၌ ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၁၉ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ ယှဉ် ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

စိန်ပန်းကျောင်းတိုက် နှမ်းမနဲထိုးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

လှိုင်မြို့နယ် (၁၄) ရပ်ကွက် မြနန္ဒာအိမ်ရာ မိုးကုတ်ဝိပဿနာ ဝိသုဒ္ဓါရာမ စိန်ပန်းကျောင်းတိုက် သုံးထပ်သိမ် ကျောင်းရိပ်သာဆောက် လုပ်ရာ၌ မူလစိန်ပန်းကျောင်းဒကာ ဖြစ်သော ဦးပရမ (ဦးအောင်သိန်း)- (ဒေါ်ကျင်လွမ်) သားသမီးများ ဖြစ် ကြသော ဒေါက်တာ ဦးကျော်မြင့် (မိုးကုတ် ဓမ္မကထိက) ဆရာကြီး၊ ဒေါ်ဝိမလစာရီ (မိုးကုတ်ဓမ္မကထိက)၊ ဦးဟန်စိန်၊ ဒေါ်ယုယုမော်၊ ဦးကံမြင့်၊ ဒေါ်မကြည်လေး၊ ဦးလှဟန်၊ ဒေါ်မူမူ အေး၊ ဦးအောင်မြင့်၊ဒေါ်မကြည်ထွေး တို့က သိမ်ကျောင်းရိပ်သာအတွက် အလှူတော်ငွေကျပ် ၇၃ သိန်း ပေးအပ် လှူဒါန်းပွဲနှင့် တပို့တွဲလပြည့်နေ့ နှမ်း မနဲထိုး လှူဒါန်းပွဲတို့ကို ဖော်ပြပါ ကျောင်းတိုက်၌ ကျင်းပခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

စာပြန်ပွဲနှင့်ဆုနှင်းသဘင်အခမ်းအနား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ် ဉာဏစာရီ မြန်အောင်ကျောင်းတိုက် ၌ အကြိမ်(၆၀)မြောက် သဒ္ဓမ္မဇ အာဂမ+သဘာဝနှစ်ဌာန စာမေးပွဲကို ဖေဖော်ဝါရီ၂၁ရက် နံနက်၈နာရီတွင် စတင်ဖွင့်လှစ်ပြီး စာအောင် ဆုနှင်း သဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီ၌ ကျင်းပမည် ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကြွ ရောက်ကြည်ညိုကြပါရန် ဖိတ်ကြား နိုးဆော်ထားသည်။ **(က-ပ)**

ကျိုက်လတ်မြို့နယ်အသင်းစည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာ ရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၇ ရက် နံနက် ၈ နာရီတွင် ကြည့်မြင်တိုင် မြို့နယ် အမှတ်(၉) ကျောင်းကြီးလမ်း နှင့် ကမ်းနားလမ်းထောင့်ရှိ မြို့နယ် အသင်းရုံးတွင် ကျင်းပရန်စီစဉ်ထားရာ အပူဇော်ခံမည့် ဘိုးဘွားစာရင်း၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရစာရင်း နှင့် လှူဖွယ်ပစ္စည်း ပေးပို့လိုသူများ သည် ဗိုလ်မှူးမောင်ညိမ်း(ငြိမ်း) ဖုန်း- ၆၆၇၁၃၂၊ ဗိုလ်ကြီးသိန်းလွင်(ငြိမ်း) ဖုန်း-၂၅၁၂၇၅၊ ဦးစိုးဝင်း ဖုန်း- ၂၂၇၂၉၂၊ ဦးတင်ရွှေ ဖုန်း-၅၃၆၄၇၂၊ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ ဦးအေး နိုင် ဖုန်း-၅၄၂၀၀၉နှင့် မြို့နယ် အသင်းရုံး ဖုန်း-၅၀၁၅၁၈တို့သို့ မတ်၃ ရက်နောက်ဆုံးထား ဆက်သွယ်ပေးပို့ ကြရန် နှိုးဆော်ထားကြောင်း သိရ သည်။ **(က-ပ)**

ဗုဒ္ဓဆင်းတုတော်အမျိုးမျိုး၊ ဘုရားပလ္လင်နှင့်တရားဟောပလ္လင်အမျိုးမျိုး
မန္တလေးဈေးနှုန်းဖြင့် ရောင်းချနေပါပြီ။
သမ္မတာနိမ္မာန်ကုန်ဆိုင်ကြီး
အမှတ်(၁၅၆)၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊
ဗဟန်း၊ ရန်ကုန်မြို့၊ ဖုန်း-၅၄၃၂၈၂၊ ၅၄၃၂၀၆၊ ၀၉၉၉-၂၄၃၆၃

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင်
အသုံးပြုရန်လိုအပ်သောရုံးသုံးစက်များဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

Item	Description	Qty
(1.)	30 KVA/40 KVA Generating Set	2 Nos
(2.)	Computer (with C. D Writer) - Pentium 4-2. 4/2.66 GH Processor - 128 MB DDR RAM 40 GB Hard Disk - AGP 32 MB 3D 15" SVGA Digital Color Monitor PS/2 Mouse PS/2 Key Board 52 x CD Rom Drive 800 W Multimedia Speaker	4 Nos
(3.)	Printer (Colour)	4 Nos
(4.)	Flatbed Scanner	1 No
(5.)	Air Conditioner (Window Type) (1.5 HP)	25 Nos
(6.)	Air Conditioner (Split Type) (1.5 HP)	6 Nos
(7.)	Pallet Truck (Hydraulic Type)	3 Nos
(8.)	Type Writer (Myanmar) 18"	3 Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၂-၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၅၆၃၀၊ ၂၅၅၆၂၄၊ ၂၅၅၆၄၅

အများသိစေရန်
Nissan Sunny

အများသိစေရန်

စေတမန်တေးထုတ်လုပ်ရေး အမှတ်(၆၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၀၂၁၀

မျှော်လင့်စောင့်စားနေတဲ့ တေးချစ်ပရိသတ်များအတွက်....

တေးရေး
မြင့်မိုး-အောင်၊ ရွှေကျော်ကျော်၊
မောင်မောင်ဇော်လတ်၊
အယ်ဖြူ ဇဝါ၊ မြေပဲယို၊
စိုင်းစိုင်းခမ်းလှိုင်၊ မင်းချစ်သူ

အေးချမ်းပါစေ သကြၤန်ရေ
(သကြၤန်ရေ-၂)

တေးဆို
ရာဇာနေဝင်း၊ Rဇာနည်၊ ဖြိုးကြီး၊
စိုင်းစိုင်းခမ်းလှိုင်၊ မြေပဲယို၊ ဟိန်းဇော်၊ ဘရိတ်ကီ၊
မို့မို့ဇော်ဝင်း၊ ယုဇနာ၊ ဆုန်သင်းပါရ်၊
NO၊ ရွှေထိုက်၊ ခင်ဘုဏ်း

Tape၊ CD
၂၁-၂-၂၀၀၄ရက်နေ့
စတင်ဖြန့်ချိမည်။

VCD သကြၤန်ပုံရိပ်များကို မကြာမီဆက်လက်ဖြန့်ချိသွားမည်ဖြစ်ကြောင်း။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတိုင်းမှူးဗိုလ်ချုပ်ရဲမြင့်တက်ရောက်ဖွင့်လှစ်

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ (၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ် ၇၅၁ ပါးတို့အား(၁၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က မဟာမုနိဘုရားကြီး ဦးဘသာခါမြတ်မုခ်ဦးတွင်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်တက်ရောက်၍ အခမ်းအနားကို ရွှေကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဘုရားအမှူးပြုသော သံဃာတော် အရှင်သူမြတ် ၇၅၁ ပါးတို့ကို **(ယာပုံ)** ဆွမ်းဆန်စိမ်းများ လောင်းလှူပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

လှူဒါန်း

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ (၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ် ၇၅၁ ပါးတို့အား(၁၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေး ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ အလှူရှင်များက အလှူဌာန ၄၇၀ ခု ဖွင့်လှစ်၍လှူဒါန်းကြရာ ဆွမ်းဆန်စိမ်းတန်ဖိုးငွေကျပ် ၃၁၅၄၁၉၁၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၃၁၃)**

ဖတ်ကြား

ပဲခူးတိုင်း အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပရာ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ မောင်မောင်မြင့်က ကျန်းမာရေးဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (က–ပ)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ကျေးလက်ကျောက်ချောလမ်းဖွင့်လှစ်

နမ့်ခမ်း ဖေဖော်ဝါရီ ၈

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့သော နမ့်ခမ်း–မန်လုံကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က မန်လုံလမ်းမုခ်ဦးတွင် ကျင်းပသည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးက လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့် မူဆယ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျေးလက်ကျောက်ချောလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ငွေကျပ် ၁၀၇ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့သော ကျောက်ချောလမ်းဖြစ်ပြီး ရာသီမရွေး အချိန်တိုအတွင်း သွားလာနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေး ဆင့်ပွားသင်တန်းဆင်း

လယ်ဝေး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေးဆင့်ပွားသင်တန်းအမှတ်စဉ်(၃)သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၄ရက်က လယ်ဝေးမြို့ လူငယ်ရိပ်သာခန်းမတွင် ကျင်းပရာ မြို့နယ်အတွင်းရေးမှူးဦးဉာဏ်မျိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်တို့က သင်တန်းဆင်း အမှာစကားပြောကြားကြသည်။

ဆက်လက်၍ သင်တန်းသားသင်တန်းသူ ၇၁ ဦးတို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြကြောင်းသိရသည်။ (၃၃၃)

စုပေါင်းသန့်ရှင်း

ကျောက်ပန်းတောင်းမြို့ မြို့မဈေးကြီး သန့်ရှင်း သပ်ရပ်မှုရှိစေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင် ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၂၁ ရက်က မြို့မဈေးကြီး အတွင်းအပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ပညာရေးစုံညီပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကောလင်း ဖေဖော်ဝါရီ ၁၀

ကောလင်းမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကိုဇန်နဝါရီ၆ရက်ကကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောင်းအုပ်ဆရာကြီးဦးသိန်းဇော်ဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက်ဆုရကျောင်းသူကျောင်းသားများကို တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြကြောင်းသိရသည်။ (၀၂၆)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ချမ်းသာကုန်းကျေးရွာရှိ နှစ်လက်မအဝီစိစက်ရေတွင်းသစ်ကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းခင်နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးချစ်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် သာယာဝတီခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မူလတန်းလွန်ကျောင်းဖွင့်ပွဲနှင့် ဆုပေးပွဲကျင်းပ

ပင်လောင်း ဖေဖော်ဝါရီ ၁၃

ပင်လောင်းမြို့နယ်၊ လုံးပြင်ကျေးရွာအုပ်စု၊ နန်းနိန့်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက်က နန်းနိန့်အခြေခံပညာမူလတန်းလွန် ကျောင်းခန်းမတွင် ကျင်းပသည်။ သဘာပတိအဖြစ်ကျောင်းကော်မတီနာယကဆရာတော်ဦးဉာဏ်နိန္ဒက ဆောင်ရွက်ပြီး မြို့နယ် ပညာရေးမှူးဒေါ်မြင့်ရီနှင့် ပင်လောင်းမြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများက အမှာစကား ပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက်နန်းနိန့်ကျေးရွာကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်က ကျောင်းနှင့်ပတ်သက်၍ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်သော ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများအား ဆုများ ချီးမြှင့်ကြသည်။ (၃၆၉)

စီမံခန့်ခွဲမှုအမှတ်စဉ်(၃)သင်တန်းဆင်း

မိုးကောင်း ဖေဖော်ဝါရီ ၁၅

မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမတွင် ခရိုင်အသင်း၏ ဦးဆောင်မှုဖြင့် အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၃)သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည်။ ထို့နောက်ခရိုင်အသင်းအတွင်းရေးမှူး ဦးဉာဏ်သိန်းက သင်တန်းသို့တက်ရောက်အောင်မြင်ကြသော သင်တန်းသား သင်တန်းသူများကိုယ်စားသင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကြောင်းသိရသည်။ **(က–ပ)**

ပိုးမွှားကာကွယ်ရေးသရုပ်ပြ

အသုတ် ဖေဖော်ဝါရီ ၁၄

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်၏ အစီအစဉ်ဖြင့် ဧရာဝတီတိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာဦးလှမျိုးဦးဆောင်၍ ဇန်နဝါရီ ၁၉ ရက်က ရေကြည်မြို့နယ် အသုတ်၊ ကိုင်းချောင်၊ မြို့ဝင်စံပြစံကွက် လယ်ဧက ၄၀၀တွင် စပါးနှင့် ပဲမျိုးစုံ ပိုးမွှားရောဂါကာကွယ်ရေးများ သင်တန်းအပြီးတွင် စိုက်ခင်းများသို့ ကွင်းဆင်း၍ လက်တွေ့သင်ကြားပြသကြောင်း သိရသည်။ **(၀၆၈)**

အာဟာရတိုက်ကျွေး

ဖေဖော်ဝါရီ ၁၃ရက်က ဖြူးမြို့ အထက(၂)၌ ဖြူးမြို့ ၄၇ လမ်းနေ ဦးမင်းဆွေဦး(ဒါရိုက်တာ ဒဂုန်တင်းဘားလီမိတက်) ဒေါ်မြင့်မြင့်စန်း(ခ) ဒေါ်စန်းစန်းအေးတို့၏ သားထွေး သူငယ်တန်း(က)မှ မောင်စည်သူထက်အောင်၏ (၆)နှစ်ပြည့်မွေးနေ့၌ သူငယ်တန်း ကျောင်းသားကျောင်းသူများအား နို့ထမင်းအာဟာရ တိုက်ကျွေးစဉ်။ (၂၈၄)

ကျန်းမာရေး အသိပညာပေး

မော်လမြိုင် ဖေဖော်ဝါရီ ၁၀

မော်လမြိုင်မြို့နယ်တွင် ဆောင်ရွက်မည့် ကျန်းမာရေး အသိပေးရှင်းလင်းပွဲ အခမ်းအနားကို မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမတွင်ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည်။

ရေဦးစွာ ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့်ကွန်ဒုံးအသုံးပြုရေး အသိပေးရှင်းလင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်သွင်က စီမံချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးကြောင်းသိရသည်။

(၁၆၈)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မိုးညှင်းမြို့နယ် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပြီးစီးခဲ့သည့် မိုးညှင်းမြို့တွင်းမှ ဒီဂရီကောလိပ်ကျောင်းသွား ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက်က ယင်းလမ်းထိပ်မှန်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင်ရှိန်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးကျော်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ ကချင်ရိုးရာနှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၂၅၀ ကျော်ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ရွာသစ်ကုန်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးတင်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဗိုလ်မှူးကြီးတင်ရှိန်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ၁၅ရက်တွင် သတင်းအရ မိုးမောက်မြို့နယ်နှင့် ဝိုင်းမော်မြို့နယ် နယ်စပ် နမ့်ဆန်ယန်ရွာမှ ကလောကြီးရွာသို့သွားသည့် တောလမ်း၌ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်အမှတ်(ယ/၇၂၈၂၁)ကို မသင်္ကာဖွယ်တွေ့ရှိရ၍ ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်နောက် ကယ်ရီယာတွင် ဂျင်းကျောပိုးအိတ်ဖြင့် ထည့်ထားသော ဘိန်းဖြူ (၁၄၇)ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မိုးမောက်မြို့နယ် လွယ်ဂျယ်အုပ်စု မရန့်ငွန်ရွာနေ ဦးမရစ်ဂမ်၏သား လဝေါ်မ်အား ဝိုင်းမော်ရဲစခန်းကမူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက် ရှိသည်။

အလားတူ ဘားအံမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေခံထောက်လှမ်းရေးတပ်၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဇန်နဝါရီ ၂၆ ရက်တွင် သတင်းအရ ဘုရားသုံးဆူမြို့ (၄)ရပ်ကွက် ရတနာသိင်္ခလမ်းနေ ထွန်းထွန်းနိုင်နှင့် မစိုးစိုးနိုင်တို့၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရာဖွေရာ အိပ်ခန်းအပြင်ဘက်တွင် ရန်မောင်(ခ)ကပ္ပလီအား တွေ့ရှိရပြီး နေအိမ်အရှေ့ခန်းမှ ဒဗလျူဝိုင် စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဘုရားသုံးဆူမြို့ (၄)ရပ်ကွက် ရတနာသိင်္ခလမ်းနေ ဦးမြစံ၏သား ထွန်းထွန်းနိုင်နှင့် တစ်အိမ်တည်းနေ ဦးမြလှိုင်၏ သမီး မစိုးစိုးနိုင်(ခ)ကတုံးမ၊ ကွင်းဆက်တရားခံ မုဒုံမြို့ မြိုင်ကုန်းရွာနေ ဦးသဒ္ဒူမူး၏ သမီး မငယ်နှင့် ဘုရားသုံးဆူမြို့ (၁)ရပ်ကွက် ဓမ္မရိပ်သာလမ်းနေ ဦးဝင်းမောင်၏ သား ရန်မောင်(ခ) ကပ္ပလီတို့အား ဘုရားသုံးဆူရဲစခန်း မူးယစ်ဆေးဝါးပထမ သတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားခံထွန်းထွန်းနိုင်ပါ လေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

တရားခံ လဝေါ်မ်အား သက်သေခံ ပစ္စည်းများနှင့်အတူတွေ့ရစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်မည့် (၅၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ပန်းပုပြိုင်ပွဲ၊ပြပွဲကျင်းပရေးဆပ်ကော်မတီကပန်းချီ၊ပန်းပုပြိုင်ပွဲများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့်၊ မူလတန်း (အငယ်)အဆင့်(သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း (အကြီး) အဆင့်(တတိယတန်း၊ စတုတတန်း)၊ အလယ်တန်းအဆင့်(ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးအထက်တန်းကျောင်း)များနှင့် အလွတ်တန်းအဆင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ ရန်ကုန်၊ မန္တလေးပန်းချီ၊ ပန်းပုကျောင်းများ၊ ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့်ခြောက်ဆင့် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့်တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် ပန်းပု(ပလတ်စတာ) နှင့်ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ် စလုံးတွင် ဝါသနာရှင်၊ ပညာရှင်ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲမူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ပြိုင်ပွဲဝင် ပန်းချီကား၏ အရွယ်အစားမှာ ၁၅ လက်မ x ၂၀ လက်မ အရွယ်ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။

ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက် အပြည့်အစုံပါရှိရမည်။

ပန်းချီကားရှေ့တွင် လက်မှတ်တစ်စုံတစ်ရာ ရေးမှတ်ခြင်းမပြုဘဲ ပန်းချီကားနောက်ကျောတွင် အမည်၊ အတန်း၊ ကျောင်း၊ မြို့နယ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြ၍ (ပို့စကတ်) အရွယ်ဓာတ်ပုံ နှစ်ပုံ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်နောက်ဆုံးထားပြီး လက်တွေ့ဖွံ့ဖြိုး မူဌာနစုပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ် (၁၂၃) နတ်မောက် လမ်း ဗဟန်းမြို့နယ် ရန်ကုန်သို့ ပေးပို့ရမည်ဖြစ်သည်။ အလွတ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပန်းချီကားများကို ၂၀ လက်မ x ၃၀ လက်မ အရွယ် ရေးဆွဲရမည်ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာပန်းချီရေးနည်းစနစ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပန်းချီကား ရှေ့တွင်လက်မှတ်တစ်စုံတစ်ရာ ရေးမှတ်ခြင်းမပြုဘဲ နောက်ကျောဘက်တွင် ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာအပြည့်အစုံဖော်ပြ၍ (ပို့စကတ်) အရွယ် ဓာတ်ပုံ နှစ်ပုံ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းပန်းပု (သစ်သား)နှင့်အလွတ်တန်းပန်းပု (ပလတ်စတာ)ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင်ပန်းပုလက်ရာများသည် အမြင့် ၃၆ လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည် ၂၄ လက်မထက် မကြီးစေဘဲ တပေါင်းတစည်းတည်း ထုလုပ်ထားမှုဖြစ်ရမည်။ နှစ်သက်ရာ သစ်သား(သို့) ပလတ်စတာဖြင့် ထုလုပ်နိုင်သည်။

ယခင်နှစ်များက ပြိုင်ပွဲ၊ ပြပွဲသို့ တင်သွင်းဖူးသည့် ရုပ်တုမဖြစ်စေရ။

ဦးတည်ဖော်ကျူးရာ ခေါင်းစဉ်သတ်မှတ်ပေးနိုင်ပြီး ပြိုင်ပွဲဝင်ပန်းပု၏ အောက်ခြေတွင် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာအပြည့်အစုံဖော်ပြရမည်။ (ပို့စကတ်)အရွယ် ဓာတ်ပုံ နှစ်ပုံပူးတွဲလျက် ၂၀၀၄ ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အတွင်း ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၅၉)နှစ် မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုလုပ်ကြရန်ဖြစ်သည်။

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုလက်ရာများကို ၂၀၀၄ ခုနှစ် မတ် ၁ ရက်နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အမှတ် ၁၈၇ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်သို့လည်းကောင်း၊ ၂၀၀၄ ခုနှစ်၊ မတ်လ ၁ ရက်မှ ၃ ရက်အတွင်း အတွင်းရေးမှူး၊ ပန်းချီ၊ ပန်းပုပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့ နိုင်သည်။

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲဝင်လက်ရာများအပြင် (၅၉) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတင် ပန်းချီနှင့်ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီနှင့်ပန်းပုရုပ်များကိုနိုင်ငံတော်၏ ဦးတည်ချက်(၁၂) ရပ်၊ (၅၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း (၁၂) ရပ်တို့ကို ဦးတည်ဖော်ညွှန်းရေးဆွဲထုလုပ်ကြရန် ဖြစ်သည်။

ရှေးခေတ် မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးရပြီးခေတ် မြန်မာ့တပ်မတော်စသည့်တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာအကြောင်းအရာများနှင့် နိုင်ငံတော်အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲထုလုပ်နိုင်ကြသည်။

ယခင်နှစ်များက သတ်မှတ်လက်ခံခဲ့သော "အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေး မှု"ဟူသော ခေါင်းစဉ်ပါ အကြောင်းအရာများဖြင့် ရေးဆွဲထုတ်လုပ်ပေးပို့သည့် လက်ရာများကို လက်ခံမည်မဟုတ်ပါ။ ဂုဏ်ပြုပြပွဲတင်ပန်းချီကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၄ခုနှစ် မတ်လ ၁ ရက်မှ ၅ ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့သာ တိုက်ရိုက်ပေးပို့တင်သွင်းရန်ဖြစ်သည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ကျိုက္ကဆံ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲကကြီးမှူးကျင်းပသော ကလေးငယ်များ ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ ကလေးငယ်တစ်ဦး ကိုယ်ဟန်ပြယှဉ်ပြိုင်စဉ်။

(က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး (၃)နှစ်ပြည့် ကောင်းမှုကုသိုလ်ဒါန

ချစ်လှစွာသော မိသားစုနှင့် ရုတ်တရက် ခွဲခွာသွားသည်မှာ ယနေ့ဆိုလျှင် (၃)နှစ်ပြည့်မြောက်သွားပါပြီ။ ကျေးဇူးရှင်ဖေဖေကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးအတွက် နေ့စဉ်ရက်ဆက်ပြုခဲ့သော ကောင်းမှုကုသိုလ် အလှူဒါနများနှင့် (၃)နှစ်ပြည့်မြောက်သည့် ၁၉-၂-၂၀၀၄ရက်တွင် သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်များအတွက် ကောင်းမြတ်သော ဘုံဘဝမှ ကျေးဇူးရှင်ဖေဖေကြီးအနေဖြင့် သာဓုအနုမောဒနာခေါ်ဆို၍ ယခုရောက်ရှိနေသော ဘုံဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘုံဗိမာန်အဆင့်ဆင့် မြင့်သထက်မြင့်စွာ တက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအမျှပေးဝေအပ်ပါသည်။

ဇနီး – ဒေါ်ခင်သန်းနွဲ့

သားသမီးများ –

ဗိုလ်မှူးမောင်မောင်ကျော်(ငြိမ်း)(စစစ)–(ဒေါ်ချိုလဲ့ဦး)
ဖြူဖြူတင်ဦး
ဒေါက်တာမြတ်နိုး–ယဉ်မာဦး
ဇော်ထွန်းဦး– ခင်သီတာ
နေထွန်းဦး

မြေးများ –

မောင်ဟိန်းထက်၊ ယဉ်မာမြတ်နိုး၊
ဖူးငုံကျော်၊ မောင်သန့်သီဟန်ဇော် (ဖိုးသီလ)

သုံးနှစ်ပြည့်အလွမ်း ၁၉-၂-၂၀၀၄ ဗိုလ်ချုပ်သူရသီဟသူရစစ်မောင်

ဒီနေ့ဆိုရင် ဖေဖေ မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ သုံးနှစ်ပြည့်ခဲ့ပါပြီ။ နေ့စဉ်၊လစဉ်၊နှစ်စဉ် ဖေဖေ့အတွက်ရည်စူးပြီး ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အစုစုကို ရောက်လေရာဘဝမှာ ဖေဖေရရှိနိုင်ပါစေလို့ ဆုတောင်း အမျှဝေလျက်။

ချစ်ဇနီး – ဒေါ်ခင်ဖြူဝင်း
ချစ်သားသမီးများ – ဒုတိယဗိုလ်မှူးကြီးကျော်စိုး–သီရိဝင်း
တေဇမောင်–ယဉ်မွန်ဌေး
မျိုးမင်းအောင်–မေသူမောင်
ကြည်ဖြူမောင်၊
ချစ်မြေးများ – စစ်ဘုန်းထွဋ်၊သန့်သုတ၊ကြည်စင်သန့်

သုံးနှစ်ပြည့်လွမ်းဆွတ်သတိရခြင်း ဗိုလ်မှူးစိုးနိုင်(ကိုကိုမောင်)

ချစ်လှစွာသော ခင်ပွန်းသည် ခွဲခွာသွားသည်မှာ ၁၉-၂-၂၀၀၄ရက်တွင် သုံးနှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရနေဆဲပါ။ အစ်ကို့အတွက် ပြုသမျှကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး–မခင်စပယ်လှတင်
ချစ်သမီး–ဝင့်ဖြူကိုကိုမောင်၊ ရွှန်းလဲ့ကိုကိုမောင်
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

သုံးနှစ်ပြည့်လွမ်းဆွတ်သတိရခြင်း ဗိုလ်ကြီးနေမင်းအောင်

ချစ်လှစွာသော သားငယ် မေမေတို့နဲ့ ခွဲခွာသွားတာ ၁၉-၂-၂၀၀၄ရက်နေ့မှာ သုံးနှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ပါ။ မိသားစုကို တစ်ယောက်ပြီး တစ်ယောက် ခွဲခွာသွားတဲ့ ဖေဖေ၊သားကြီးနှင့် သားငယ်တို့အတွက် ပြုသမျှကောင်းမှုကုသိုလ်အစုစုတို့ကို ရောက်ရာဘဝမှ သာဓုခေါ်နိုင်ကြပါစေ။

မေမေ – ဒေါ်ခင်မျိုးတင့်(အထပြ–ငြိမ်း၊ စစ်ကိုင်း)
ကိုလေး – ဗိုလ်ကြီးနေလင်းအောင်(MCDC)–ဒေါ်စန်းစန်းဝင်း(အကယ်ဒမီ ပါတိတ်ဆိုင်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်
၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်

၁။ ၂၀၀၄ ခုနှစ် မတ်လ ၁၃ ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား လုပ်ငန်းရှင်များအား (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် ကောင်တာများ ရယူလိုသူများသည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့်ကျောက်မျက်ရတနာဈေး ကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သုံးနှစ်ပြည့်လွမ်းဆွတ်သတိရခြင်း ဗိုလ်မှူးစိုးနိုင်(ကိုကိုမောင်) ရဟတ်ယာဉ်မှူး

ချစ်လှစွာသောအစ်ကိုကြီး ခွဲခွာသွားသည်မှာ ၁၉-၂-၂၀၀၄ရက်တွင် သုံးနှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရနိုင်ပါ၊ ရွှေကြက်ယက် (အမရပူရ) ဘုရားကုန်းတော်ပေါ်တွင် အစ်ကိုကြီးအတွက် ရည်စူးပြီး စေတီတော် တည်ထားကိုးကွယ်ကာ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ရာသို့ ရောက်အောင် ကျင့်ကြံအားထုတ်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သ အမျှပေးအပ်ပါသည်။

မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်နိုင်ပါစေ–

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ
နှင်းပုလဲမိသားစု၊ အမရပူရမြို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ဇ/၉၅၆၇ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း

သားအဖြစ်မှစွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့နေ ဦးနိုင်လင်း–ဒေါ်ခင်မျိုးဌေးတို့၏ သားကြီး မောင်စိုးကျော်သူအား ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စများ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဦးနိုင်လင်း
၁၂/မဂဒ(နိုင်)၀၀၅၈၄၃
မိခင်–ဒေါ်ခင်မျိုးဌေး







အိမ်နှင့်ပွဲရုံရောင်းမည်

ပြည်မြို့ လမ်းရှည်လမ်း နှစ်ထပ်တိုက်နှင့် နဝဒေးပွဲရုံတန်း(ဖုန်းပါ)
၀၅၃–၂၁၃၅၂၊ ၀၅၃–၂၄၁၆၀

အမည်ဖြည့်စွက်

အဖ ဦးမောင်မောင်လေး၏သား ရန်ကုန်မြို့ အထက(၆)ဗိုလ်တထောင် ပထမတန်း(က)မှ မောင်တင်နောင်မင်းအား မောင်တင်နောင်မင်း(ခ) မောင်နန္ဒကိုကိုဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်တင်နောင်မင်း(ခ)နန္ဒကိုကို**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ထ/၉၃၀၂ မော်တော် ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ထားဝယ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(ထားဝယ်)

အမည်ပြောင်း

တောင်ငူ အထက(၁)နဝမတန်း Bမှ(ဘ) ဦးဇော်ဦးလှိုင်၏ သားမောင်ဘိုအား မောင်ဝင်းမင်းဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဝင်းမင်းဟိန်း(တောင်ငူ)။

မိဘအမည်မှန်

အထက(၈)မော်လမြိုင်မြို့ သတ္တမတန်း(A)မှ မခိုင်ချိုထွန်း၏ မိဘအမည်မှန်မှာ ဦးလှအေးနှင့် ဒေါ်ညွန့်ညွန့်ဌေးဖြစ်ပါကြောင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏ သားမောင်ဌေးခိုင်(YKN၀၁၆၆၇၁)သည် မိဘများကို အကြောင်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုသောကြောင့် ၎င်းအားသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော အကြောင်းကိစ္စအားလုံးကို လုံးဝတာဝန်မယူကြောင်း ကြေညာပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။
အဖေ ဦးညွန့်လှိုင်(ISN ၄၃၅၇၀၄)
အမေ ဒေါ်ငွေခင်(ISN ၅၄၀၇၂၇)
(ကျော်ကျား)။

ယာဉ်မောင်း တကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးသည့် ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် ၃/၂၀၀၄ကို ၂၀၀၄ခုနှစ် မတ်လ ၄ရက်နေ့တွင် ဖွင့်လှစ်ပါမည်။

- စနစ်တကျ ယာဉ်မောင်းကျွမ်းကျင်စေရမည်။
- ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင် ဖွင့်လှစ်မည်။
- သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်း မြင်သာရုံးမှ တစ်ဆင့် ကြို/ပို့ယာဉ်များ စီစဉ်ပေးမည်။
- နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။
- သင်တန်းတက်ရောက်လိုသူများ ၃-၃-၂၀၀၄ရက် နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။

ဆက်သွယ်စာရင်းပေးရန်လိပ်စာ–

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၄က/၅၈၉၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ရန်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အလ္လကပ္ပရွာနေ မောင်အောင်နိုင်ဝင်း ၅/မမတ(နိုင်) ၀၅၆၅၅၉ သည် မိဘများ၏ ဆုံးမမှုကို မနာခံသည့်အပြင် နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ကျွန်တော် ကျွန်မတို့နှင့် လုံးဝမပတ်သက်တော့ပါသဖြင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း။

ဦးစိန်မောင် ၅/မမတ(နိုင်) ၀၂၀၁၃၉
ဒေါ်ဌေးသန်း ၅/မမတ(နိုင်) ၀၁၉၅၁၅

ဝမ်းနည်းကြေကွဲခြင်း

ဦးအေး အသက်(၇၂)နှစ် (မန္တလေးမြို့) Sea Lion Electronics ၁၄-၂-၂၀၀၄ နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းမိပါသည်။

ဖူဂျီဆန်း(အီလက်ထရွန်နစ်)မိသားစု ၂၂ လမ်း၊ ရန်ကုန်မြို့။

လက်ထပ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၅ လမ်း၊ ၃၄ X ၃၅ လမ်းကြား၊
တရားသူကြီးများရိပ်သာနေ
ဦးမြင့်အောင်(တရားရုံးချုပ်တရားသူကြီး)–ဒေါ်လှလှသန်း
တို့၏သားကြီး
ဗိုလ်ကြီးငြိမ်းချမ်းအောင် B.A (D.S.A), D.L (YU)
(ကာကွယ်ရေးဝန်ကြီးဌာန)
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာကွန်ဒိုမီနီယံ၊ အခန်း ၇၀၇ နေ
ဦးအောင်မြင့်ကြည်–ဒေါ်အေးအေးမိုး(မိဘဂုဏ် ဆိုးပြားရောင်းဝယ်ရေး)
တို့၏ တစ်ဦးတည်းသောသမီး
မမေမိုးဖြူ B.Com (Q), IDCS (NCC, UK)
INS (Computer System)

တို့၏ ၆–၂–၂၀၀၄ ရက်တွင် သာသနာ့ပါလကျောင်း(မန္တလေးမြို့)၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ ၇–၂–၂၀၀၄ ရက်တွင် မန္တလေးမြို့ Oriental House ၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာအခမ်းအနားနှင့် ၁၅–၂–၂၀၀၄ ရက်တွင် ရန်ကုန်မြို့ Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားများတွင် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော တရားရုံးချုပ်(ရန်ကုန်)နှင့် တရားရုံးချုပ် (မန္တလေး)မှ ဝန်ထမ်းများအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးငြိမ်းချမ်းအောင်–မမေမိုးဖြူ။



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ
ဦးဇော်မြင့်–ဒေါ်မာမာချို
(စိန်လျှံချိုကုန်မျိုးစုံရောင်းဝယ်ရေး၊မင်္ဂလာဒုံဈေး)
တို့၏သားကြီး
ဗိုလ်ကြီးဇော်ဦး B.Sc (DSA)
နှင့်
ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ
ဒုတိယဗိုလ်မှူးကြီးညီပု(ငြိမ်း) [ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊
ပြည်သူ့အင်အားဦးစီးဌာန အကြံပေးအရာရှိ၊
ကာကွယ်ရေးဝန်ကြီးဌာန]–ဒေါ်မြင့်မြင့်သိန်း (အထပြ–ငြိမ်း)
တို့၏ သမီးကြီး
မပွင့်နွယ်ဝေ M.Sc (Engineering Physics)
လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊
ပြည်သူ့အင်အားဦးစီးဌာန

တို့ကို ၁၂–၂–၂၀၀၄ရက်တွင် မင်္ဂလာနေအိမ်၌ လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးထွန်းရှင်အားလည်းကောင်း၊ ၁၅–၂–၂၀၀၄ရက်တွင် Yuzana Garden Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွေးနှင့်ဇနီးဒေါ်ခင်အေး၊ ကြွရောက်ချီးမြှင့်ပေးကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်စိမ်းမို့မို့နှင့် The Aces ဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မပွင့်ကေခိုင်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသက်ဇင်သိန်းဟန်နှင့် မလင်းလင်းမောင်၊ သတို့သားအရန် ဗိုလ်ကြီးကျော်ကျော်လင်းနှင့် သတို့သမီးအရန် မဆွေဆွေသက်၊ မိတ်ကပ်ဆံပင်နှင့်အလှဖန်တီးရှင် မိတ်ကပ်ဇော်ဇော် (ထီလာ)နှင့်အဖွဲ့၊ ဗီဒီယိုဓာတ်ပုံဦးဆလိုင်းရော်ဂျာနှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇော်ဦး–မပွင့်နွယ်ဝေ။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၄/ ၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ်ခေါ်ယူခြင်းကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူးလျှောက်ထားသူများအနက် အပြီးသတ် လူတွေ့စစ်ဆေးမှု အောင်မြင်သူများ အမည်စာရင်းကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ၁၀:၀၀ နာရီတွင် မြန်မာ့လေကြောင်း(ရုံးချုပ်) အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ကြေညာပါမည်။

မြန်မာ့လေကြောင်း

ရန်ကုန် အိမ်အရောက် ထမင်းချိုင့်ပို့ဆောင်ရေး

တစ်လလျှင် ကျပ်၃၀၀၀၀ဖြင့် အရသာ ပြည့်ဝသော ဟင်းလျာများကို နေ့၊ ည တစ်ယောက်စာ ထမင်းချိုင့် ပို့ဆောင် ပေးပါမည်။ ရန်ကုန်မြို့တွင်းနှင့် မြို့ပြင်မှ မှာယူသုံးဆောင်နိုင်ပါပြီ။

ဆက်သွယ်ရန်–**ခြံအမှတ်၈/၃–သုခလမ်း**
မရမ်းကုန်း ဖုန်း–၆၆၄၅၁၇

မွေးနေ့ဆုမွန်

ချစ်သမီးကြီး ဝိုင်းမြတ်နိုး (နိုးနိုး) အထက(၁) ဒဂုံ၊ ဆဋ္ဌမတန်း(E)အတွက် ၁၉–၂–၂၀၀၄ရက်နေ့တွင် ကျရောက်သော (၁၂)နှစ်မြောက်မွေးနေ့မှ နောင်နှစ် ၁၂၀တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်အတူ မင်္ဂလာအပေါင်းနှင့်ပြည့်စုံနိုင်ပါစေ။

ဖေဖေ	–	**ဦးဇော်လင်း (Total E&P Myanmar)**
မေမေ	–	**ဒေါ်တိုးတိုးခိုင်**
ညီမလေး	–	**ဝိုင်းပိုပိုချစ် အထက(၁)ဒဂုံ၊ ဒုတိယတန်း (E)**
ဘွားဘွားကြူ	–	**တီတီတုတ် (မြတ်မြတ်ခိုင်)**
		(ခိုင်မမစတိုး၊ ဗိုလ်ချုပ်ဈေး)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၂၉)ရပ်ကွက် ဦးထွန်းမြင့်လမ်း
အမှတ် ၄၇၉ နေ
ဦးကျော်တင့်–ဒေါ်တင်ရှိန်
တို့၏သား
မောင်မျိုးဝင်း B.E (Civil)
လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မြစ်သာတံတား (ကလေးဝ) စီမံကိန်း
နှင့်
မန္တလေးတိုင်း ပျဉ်းမနားမြို့ သံဒိုင်ကွက်သစ်နေ
ဦးရာသောင်း(လုပ်ငန်းအရာရှိ) မြစ်သာတံတား(ကလေးဝ)စီမံကိန်း–
ဒေါ်သန်းနွယ်
တို့၏သမီး
မလှဲ့လှဲ့ဝင်း B.A (Geo:)
အငယ်တန်းစာရေး မြစ်သာတံတား (ကလေးဝ) စီမံကိန်း

တို့သည် နှစ်ဖက်မိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် ၁၄–၂–၂၀၀၄ရက်တွင် ပျဉ်းမနားမြို့နေအိမ်၌ လက်ထပ်ထိမ်းမြား ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်မျိုးဝင်း–မလှဲ့လှဲ့ဝင်း။





(၃)နှစ်ပြည့်သတိရခြင်းနှင့်ကောင်းမှုကုသိုလ်ဒါန
ဗိုလ်မှူးချုပ်လွန်းမောင်
(ဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး)

ကျေးဇူးရှင်ဖခင်ကြီး ခွဲခွာသွားသည်မှာ ၁၉-၂-၂၀၀၄ရက်တွင် (၃)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ ကျေးဇူးရှင်ဖခင်ကြီးအတွက် ရည်စူး၍ နေ့စဉ်ရက်ဆက်ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ဒါနများနှင့် (၃)နှစ်ပြည့်မြောက်သည့် ၁၉-၂-၂၀၀၄ရက်တွင် ပဲခူးမြို့၊ ပန်းလှိုင်စာသင်တိုက်၊ အာကာသသိမ်တော် ရေစက်ချခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခြင်းပြုလုပ်အပ်ပါသည်။ ကျေးဇူးရှင်ဖခင်ကြီးအတွက် ပြုပြုသမျှကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဇနီး - ဒေါ်ရွှေသက်

သားသမီးမြေးများ
- ဒုတိယဗိုလ်မှူးကြီးစိုးထွဋ်-ဒေါ်နီလာစိန်
  မြတ်ထွဋ်သော်၊ ဇင်ထွဋ်မော်၊ သက်ပိုင်ထွဋ်၊
- ဦးမျိုးလွင်-ဒေါ်ခင်မိုးမိုးထွဋ်
  ပြည့်စုံထွဋ်၊ ပြည့်စုံမောင်၊ အောင်လွန်းခေါင်၊
- ဦးဆန်းလွင်-ဒေါ်ခင်မာအေး၊ခန့်ညားလွင်၊ ရဲရင့်လွင်၊
- ဦးဉာဏ်မြင့်စိုး-ဒေါ်ဆွေမျိုးချစ်၊ ရဲချစ်လွန်း၊
- ဦးဘုန်းကျော်စိုး-ဒေါ်ပပသင်း
  သစ်လွင်စိုး၊ ဝေယံလွန်းမောင်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကောင်အချွန်(ခ)ဒေါ်ချို (ဝါးခယ်မ)
အသက်(၈၅)နှစ်

ဦးမျိုးဝင်း(ခ)ဦးမျိုးထွန်း(ဒါရိုက်တာ K.M.T Group Ltd.)၏ မိခင် ဒေါ်ကောင်အချွန်(ခ)ဒေါ်ချိုသည် ၁၇-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ၊
K.M.T Group Ltd.

ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်မော်(ငြိမ်း)
(အငြိမ်းစားဆရာမမှူး)
(တပ်မတော်ဆေးရုံကြီး၊မင်္ဂလာဒုံ)
အသက်(၇၅)နှစ်

အမှတ်၂၉/၂၉၂၊ မြို့ပတ်လမ်း၊ ဝန်ထမ်းကြီးအိမ်ရာ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘခင်-ဒေါ်သန်းဆင့်)တို့၏သမီး၊ ဦးအောင်သိန်း(ဒုညွှန်မှူး၊ ဗဟိုသုတေသန၊ငြိမ်း)၏ဇနီး၊ ဦးအောင်မိုး(လက်ထောက်အထွေထွေမန်နေဂျာ၊ Fortune Int'l Ltd.)၊ ဒေါ်စံစံအောင်(အလယ်တန်းပြဆရာမ၊အထက-၅၊ မင်္ဂလာဒုံ)တို့၏မိခင်၊ မသူသူမိုးဟန်(ဒုတိယတန်း-ဃ၊ အထက-၅၊မင်္ဂလာဒုံ)၏ အဘွားသည် ၁၆-၂-၂၀၀၄ရက် နံနက် ၇း၄၅ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးစီးပါကြောင်း။

၂၂-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြကြည် (ရွှေဘိုမင်းသမီးသနပ်ခါး)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၂ နေ (ဦးသာဖေ-ဒေါ်စိန်းရင်)တို့၏သမီး၊ (ဦးထွန်းဖဲ-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ (ဒေါ်ကြင်စိန်)၏ညီမ၊ ဦးတင်မောင်(Thoresen Timber Ltd & D.L.H Group A/S)၏ဇနီး၊ ဦးအောင်ကျော်ဦး-ဒေါ်အေးအေးမြင့်၊ ဦးဌေးလှိုင်-ဒေါ်လဲ့လဲ့ဦး(Malar Myaing Enterprise Co., Ltd.)၊ ဦးမြတ်ကိုကို-ဒေါ်အေးမြင့်၊ ဦးမြတ်ညီညီ-ဒေါ်ခင်မာဝင်း၊ ဦးမြတ်သူ-ဒေါ်နီနီစော၊ ဦးမောင်မောင်စိုး-ဒေါ်မြတ်သီတာ၊ ဦးထင်ဇော်-ဒေါ်ချိုချိုမြင့်၊ ဒေါ်သန်းမြင့်တို့၏မိခင်ကြီး၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၁၈-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်အေးကြည်
အသက်(၉၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၃၉ နေ (ဦးဘိုးဆိုင်-ဒေါ်စိန်ခ)တို့၏သမီးကြီး၊ (ဦးဘအုံး-ဒေါ်လှိုင်)၊ (ဦးထွန်းဘွင့်-ဒေါ်မြမေ)၊ (ဦးစိန်-ဒေါ်ချစ်သန်း)တို့၏ညီမ၊ (ဦးပွ)၊ (ဦးဘာဘာ)-ဒေါ်နီ၊ (ဦးကျော်ခင်)-ဒေါ်ခင်ရီ၊ (ဦးကျင်ဝမ်း-ဒေါ်မြကြည်)၊ (ဦးမျိုးလွင်)-ဒေါ်ခင်သန်း၊ ဦးယုဌေး-ဒေါ်မြသိန်းတို့၏အစ်မကြီး၊ တူ တူမ ၃၂ယောက်တို့၏ကြီးမေသည် ၁၈-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကောင်အချွန်(ခ)ဒေါ်ချို (ဝါးခယ်မ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၆၊ ၂၃ လမ်း(လေးထပ်)၊ လသာမြို့နယ်နေ (ဦးကောင်ခိစွင်-ဒေါ်ယုစိမ့်မွေ့)တို့၏သမီးကြီး၊ ဦးလင်ဘွန်ဖန်(ခ)ဦးဝင်း၏ဇနီး၊ ဦးခင်မောင်မြင့်-(ဒေါ်မြစန်းရင်)၊ ဒေါ်စမ်းစမ်းဝင်း(ခ)လင်ဒီလင်း(မြို့ပြ-၂၊ အိုးအိမ်)၊ လင်ကင်ကြူ(ခ)ဒေါ်ရစ်လင်း၊ လင်ကင်မွေး(ခ)စင်ဒီလင်း၊ လင်ကင်ဆွေ(ခ)ခင်ခင်ဝင်း၊ ဦးမျိုးဝင်း(ခ)ဦးမျိုးထွန်း(ဒါရိုက်တာ K.M.T Group Limited ရွှေကျားကြီးကုမ္ပဏီလီမိတက်)၊ လင်ကင်ရီ(ခ)ရီရီဝင်းတို့၏မိခင်၊ မကြည်ကြည်လွင်၊ မောင်ဇော်မြင့်ဦးတို့၏အဘွားသည် အမှတ် ၂၅၊ ဂန္ဓမာလမ်း၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ရာ(ယုဇနပလာဇာအနီး)၊ တာမွေမြို့နယ် နေအိမ်၌ ၁၇-၂-၂၀၀၄ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၉-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းစန်းမြင့် (ဘိုမ) (မော်လမြိုင်မြို့)
M.A (History)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ သီရိမာလာလမ်းသွယ်၊ အမှတ် ၅၆(ဒီ-၂)နေ (ဦးနန်း-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးနီကော-ဒေါ်ဒေါ်ယုန်)တို့၏သမီးချွေးမ၊ (ဦးဖေမောင်ဝင်း ညွှန်ကြားရေးမှူး၊ ဘိလ္လင်လာ)၏ဇနီး၊ ဦးစိုးဟိန်း-ဒေါ်အေးအေးမြင့်၊ (ဗိုလ်မှူးတင့်ဆွေ)-ဒေါ်မယ်မယ်မြင့်တို့၏ အစ်မ၊ ဒေါက်တာခင်မာလာဝင်း-ဒေါက်တာဉာဏ်ထွဋ်၊ဒေါက်တာဖေရှိန်ဝင်း(U.S.A)-ဒေါက်တာတင်တင်ဝင်း (U.S.A)၊ ဒေါက်တာဖေသက်ဝင်း (U.S.A)-ဒေါက်တာမိုမိုလှိုင် (U.S.A)တို့၏မိခင်၊ မောင်စိုးစံဝင်း(X-S°၊ ထ-၂၊ဗဟန်း)၊ မောင်လရောင်ဝင်း(U.S.A)၊ မဖြူမင်းသက် (VIII-A၊ ထ-၂၊ ဗဟန်း)၊ မကေလာလှိုင်ဝင်း(U.S.A)တို့၏အဘွားသည် ၁၇-၂-၂၀၀၄ရက် ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြကြည် (ရွှေဘိုမင်းသမီးသနပ်ခါး)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၂ နေ (ဦးသာဖေ-ဒေါ်စိန်းရင်)တို့၏သမီး၊ (ဦးထွန်းဖဲ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ (ဒေါ်ကြင်စိန်)၏ညီမ၊ ဦးတင်မောင် (Thoresen Timber Ltd & D.L.H Group A/S)၏ဇနီး၊ ဦးဌေးလှိုင် (အုပ်ချုပ်မှုဒါရိုက်တာ၊ မာလာမြိုင် အင်တာပရိုက်စ်)-ဒေါ်လဲ့လဲ့ဦး (ဒါရိုက်တာ၊ မာလာမြိုင် အင်တာပရိုက်စ်)တို့၏မိခင်ကြီး၊ မောင်ကျော်စွာထွန်း (ပထမနှစ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မောင်သော်တာထွန်း(နဝမတန်း A၊ ထ-၂၊ ဗဟန်း)၊ မဆုလာဘ်ထွန်း(ပဥ္စမတန်း စိန်၊ ထ-၂၊ ဗဟန်း)တို့၏အဘွားသည် ၁၈-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချိတ်ပေါင်း (ဒီပဲယင်းမြို့)
အမျိုးသားညီလာခံကိုယ်စားလှယ်
အသက်(၈၀)

စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ညောင်လှစျေးတန်းနေ ဒေါ်ခင်ညွှန့်၏ ခင်ပွန်း၊ ဦးအောင်လွင်-ဒေါ်အိမ်တင်(ရေဦး)၊ ဦးရှမ်း-ဒေါ်အေး(ညောင်လှ)၊ ဦးအောင်ရွှင်(ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန)-ဒေါ်စိမ်းမွှေး(လယ်/ပြ၊ငြိမ်း)၊ ဦးတင်ထွန်း-ဒေါ်အေးအေး (မုံရွာ)၊ ဦးတင့်ဆွေ-ဒေါ်ဖြူဖြူဝင်း(ညောင်လှ)၊ ဦးတင်မောင်သန်း - ဒေါ်ခင်မာကြည်(ရေဦး)၊ (ဦးဇော်လွင်သန်း)-ဒေါ်သီတာဝင်း(မုံရွာ)တို့၏ဖခင်၊ မြေး ၂၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၈-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ယင်းမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒုတိယရဲမှူးဘာဘာ (ငြိမ်း)
(ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး)
အသက်(၆၁)နှစ်

ထားဝယ်မြို့နေ (ဦးအောင်ငြိမ်း-ဒေါ်ကြင်စိန်)တို့၏သား၊ ဗဟန်းမြို့နယ်နေ (ဦးကျင်သိန်း)-ဒေါ်ဘေဘီတို့၏ တူသား၊ မြလမ်းနေ ဦးဘစီ၏ညီ၊ ဒေါ်အေးမြင့်၏ခင်ပွန်း၊ မသန္တာစော(မြဝတီစာပေတိုက်)၊ မောင်စိုးပိုင်၊ မောင်ဖြိုးနိုင်ထွန်း(မြန်မာ့ရပ်ရှင်လုပ်ငန်း)တို့၏ဖခင်သည် ၁၇-၂-၂၀၀၄ရက် ၁ နာရီတွင် အင်းစိန်မြို့သစ်၊ (က-၂)လမ်း နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းအေး
အကြီးတန်းစာရေး
ခရိုင်ကျန်းမာရေးဦးစီးဌာန
(သာယာဝတီ)
အသက်(၄၇)နှစ်

သာယာဝတီမြို့၊ရွာကြီးကုန်းရပ်ကွက်နေ အငြိမ်းစားကျောင်းဆရာကြီး ဦးဘိုးလူ-ဒေါ်ကြင်တို့၏သမီး၊ (ဦးထွန်းရှင်-ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ ဦးသန်းလွင်-ဒေါ်ပြုံးပြုံး၊ ဦးစိန်မင်း-ဒေါ်တင်မေကြိုင်၊ ဦးကြည်လွင်-ဒေါ်အုန်းလှ၊ ဦးအောင်နိုင်မိုး-ဒေါ်မြင့်မြင့်ဌေး၊ ဦးဌေးလွင်-ဒေါ်ညိုညို၊ ဦးရဲလွင်-ဒေါ်သန်းသန်းအေးတို့၏အစ်မ၊ဦးလှဝင်း(လ/ထ ဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန၊ သာယာဝတီ)၏ဇနီး၊ ဒုဗိုလ်ငုဝါအေးယုဝင်း (မိတ္ထီလာမြို့)၊ မောင်ပြည့်စုံဝင်း တို့၏ မိခင်၊ တူ တူမ ၂၃ ယောက်တို့၏အဒေါ်သည် ၁၇-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သာယာဝတီမြို့ ရွာကြီးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုဝင်းအောင်
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၉၊ ကျွန်းတောလမ်း၊စမ်းချောင်းနေ(ဦးမြင့်ကို)-ဒေါ်လှရီတို့၏ သားသမက်၊ အမှတ် ၈/၅၁၊ မဆာဝီလမ်းမကြီး မြောက်ဥက္ကလာပမြို့နယ်နေ (ဦးလှမြင့်-ဒေါ်ခင်စန်း)တို့၏သားထွေး၊ မခန့်ခန့်ကြည်မြင့်၏ ခင်ပွန်း၊ မောင်မင်းသန့်ခန့်၏ဖခင်၊ မခင်ခင်ဌေး၏မောင်၊ ကိုအောင်ကျော်မြင့်-မမိမိဝေ၏ညီသည် ၁၈-၂-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျင်ဝှက် (ထနီး)
အသက်(၇၇)နှစ်

အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ တိုက်အမှတ် ၄၊ အခန်း ၁၀၄၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်းနေ (ဦးလူဝါး-ဒေါ်ကျင်မွေး)တို့၏သားကြီး၊ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သိန်း(သံချေး)၊ ဦးခင်မောင်ဦး-ဒေါ်သန်းသန်းမြင့်၊ ဒေါ်ကျင်အေး၊ဦးစိုးမြင့်-ဒေါ်တင်တင်အေး၊ဒေါ်အေးအေးမြင့်၊ဦးတင်ဝင်း-ဒေါ်ဝါဝါဆွေ၊ ဦးရဲမြင့်-နန်းဝိုးဟွမ်တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇-၂-၂၀၀၄ရက်နံနက်၀၀း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၉-၂-၂၀၀၄ရက် နံနက်၁၁နာရီတွင်ရေဝေးအအေးတိုက်ခန်းမ(၁)မှရေဝေးတရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကားများနံနက် ၉း၃၀နာရီတွင် အလုံနေအိမ်နှင့် မင်္ဂလာဒုံနေအိမ်တို့မှ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးစောဝင်း (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၄၆)
ဒုတိယညွှန်ကြားရေးမှူး၊
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
မော်လမြိုင်မြို့
အသက်(၅၇)နှစ်

နေဖြူမြို့ ၊ကမ်းနားလမ်းနေ(ဦးကြည်-ဒေါ်ညွှန့်စိန်)တို့၏သား၊ ဒေါ်ခင်သန်းကြည်၏ခင်ပွန်း၊ ကိုထွန်းထွန်းလွင်-မထားထားမူဝင်း၊ (ဗိုလ်တင့်နိုင်ဦး)-မမြတ်သန္တာဝင်း(တတိယနှစ်၊သတ္တဗေဒ၊ မော်လမြိုင်တက္ကသိုလ်)၊ မနန္ဒာဝင်း (ပထမနှစ်၊ G.T.C မော်လမြိုင်)တို့၏ ဖခင်သည် ၁၇-၂-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၅း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရှုရပ် (ပခုက္ကူ)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်၂၇(D)၊ ဝါယာလက် ၂ လမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်နေ ဦးလောက်စိုး၏ဇနီး၊ (ဦးယုံပါ)-ဒေါ်စန်းစန်းဝင်း၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးဝင်း၊ ဦးကျင်သိန်း-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်နိုင်-ဒေါ်ဝင်းဝင်းဌေး၊ ဦးသက်နိုင်-ဒေါ်စန်းစန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ဖြူဖြူဝင်းတို့၏ မိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၁၈-၂-၂၀၀၄ရက် နံနက် ၁၁း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Elizabeth
နန့်လေးနီလာသိန်း
တတိယနှစ်(စီးပွားစီမံ)
ဒုတိယနှစ် (B.A.R.S)
အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ စိန်မေရီဝင်း၊ အမှတ် ၉ နေ ဦးမန်းလှသိန်း-ဒေါ်နှင်းညွှန့်၊ သံတောင်မြို့နေ (ဦးစောလွန်းဖော်-နော်နဲဖိုး)တို့၏မြေး၊ (ဦးဂျွန်ခင်မောင်လှ)-နော်မေးရာတို့၏ သမီးလတ်၊ နန့်အေးသီတာသိန်း(စံပြမူကြို)၊ စဉာဏ်မြင့်မောင်တို့၏ညီမ၊ နန့်ထွေးသူဇာသိန်း(ရှာလကာ)၏အစ်မသည် ၁၈-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၉-၂-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် အမှတ် ၁၃၅၊အထက်ကြည့်မြင်တိုင်လမ်း၊ [illegible] ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်အောင် (ပန်းတနော်)
အသက်(၉၀)

အမှတ် ၄၉၊ သစ်တောလမ်း၊ အလုံမြို့နယ်နေ (ဦးစိုးကြွယ်)၏ဇနီး၊ ဦးဇော်မွန်၊ ဦးဇော်မော်-ဒေါ်အေးအေးသန်းတို့၏မိခင်၊ ဦးသိန်းနိုင်ဦး(ရေယာဉ်ကိုယ်စားလှယ်) - ဒေါ်ယဉ်မွန်အေး (ACL/PIL Container Line)၊ ဒေါ်လဲ့မွန်အေး(Y.U.F.L, Korea) E.Y.E Language Centre၊ မောင်သူရဇော်အေး၊ မောင်ပြည့်ဖြိုးကျော်(V၊ အထက-၆၊ အလုံ)၊ မအေးသီရိမော် (KG၊ အထက-၃၊ အလုံ)တို့၏အဘွားသည် ၁၇-၂-၂၀၀၄ရက် ညနေ ၄း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ထာဝရရေချမ်းစင်
ဒေါ်တင်အေး
(ကံပေါက်၊ထားဝယ်)
အသက်(၇၀)

ထားဝယ်မြို့၊ ကံပေါက်နေ (ဦးလှိုင်စိန် - ဒေါ်စိန်သီး)တို့၏ သမီးကြီး၊ (ဦးတင်-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၂၂၅၊ ဒုတိယထပ် (ဝဲ)၊ ၃၇ လမ်းနေ ဦးသန့်ဇင်(လ/ထ မန်နေဂျာ၊ ရုံးချုပ်၊ မြန်မာ့မီးရထား၊ငြိမ်း၊ လ/ထမန်နေဂျာ၊ အထူးအမြန်ရထားများ ကြီးကြပ်မှုကော်မတီ)၏ ဇနီး၊ (ဦးထွန်းလွင်-ဒေါ်သန်းစိန်)တို့၏ညီမ၊ ဦးဂျင်ကြည်-ဒေါ်ခင်လှ၊ ဦးလှရီ-ဒေါ်ခင်အေး၊ဦးရိုးမောင်-(ဒေါ်မြစိန်)၊ ဦးသန်းအောင်-ဒေါ်ခင်အုန်းမြင့်တို့၏ အစ်မကြီး၊ တူ တူမ ၃၀ တို့၏မေမေကြီးသည် ၁၇-၂-၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးပီတာလွန်ပုမ်
အင်ဂျင်နီယာဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ် ၅၊ အခန်း ၁၀၊ ဦးဝိစာရအိမ်ရာနေ (ဦးလွန်ပုမ်)-ဒေါ်ကျင်ခိုတင်တို့၏သားထွေး၊ဗိုလ်မှူးချုပ်မျိုးတင်-ဒေါ်ဟယ်လင်၊ (ဒေါ်ဘက်တီ)၊ (ဦးဆဲမ်)၊ ဦးရစ်ချတ်-ဒေါ်သန်းအေးတို့၏ညီ/မောင်၊ ဒေါ်မေရီ၊ ဗိုလ်မှူးငိုယတွန်-ဒေါ်စင်သီယာ၊ ဒေါ်ဒေါ်လီတို့၏ အစ်ကိုသည် ၁၈-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၀-၂-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော် ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုကျော်သူခင် (ရွှေပြည်နန်း)
ကျောက်တန်းမြို့နယ်
ရာသက်ပန်အသင်းဝင်
(တောင်လုံးပြန်)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၆ နေ မြူနီစီပါယ်လူကြီး ရှေ့နေ (ဦးဘညွှန့်-ဒေါ်စိန်ထွေး)တို့၏မြေး၊ ဦးသိန်းဖေ-ဒေါ်မေမေခင်၊ (ဦးမျိုးမြင့်ခင်)-ဒေါ်သန်းသန်းဝင်းတို့၏သား၊ ဒေါ်အေးအေး၏တူ၊ မနွယ်နွယ်ခင်၏မောင်၊ မနီလာဦး၏အစ်ကို၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁၊ ဇဋိလ ၁ လမ်း၊ အမှတ် ၁၀၂၀ နေ(ဦးကျော်တင်အေး)-ဒေါ်သန်းရင်တို့၏သားသမက်၊ မအေးအေး၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးသူ (အထက-၁၊သဃ်္ဃန်းကျွန်း၊ VIII-D)၊ မောင်ကောင်းဆက်သူ (အမက-၈၊ သူငယ်တန်း-C)တို့၏ဖခင်သည် ၁၈-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တဝါယမဇောတိသိဒ္ဓိ မဟာထေရ်
အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း
သက်တော်(၉၀)၊ သိက္ခာတော်(၆၆)ဝါ

ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမဇောတိသိဒ္ဓိမဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက် (၁၇-၂-၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၀၁း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၂၃-၂-၂၀၀၄ရက်) ညနေ ၃ နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို အုတ်ဖိုမြို့ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း၌ အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဂေါပကအဖွဲ့နှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဦးထွန်းလှ
ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊စိုက်/မွေး
နာယက၊ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)
အသက်(၇၁)နှစ်

ဘိုကလေးမြို့၊ ဒုတိယလမ်းနေ (ဦးထွန်းရ)-ဒေါ်ခင်လှတို့၏ညီ/အစ်ကို၊ အမှတ် ၇၇၊ စက်တွင်းလမ်း၊ အလုံမြို့နယ်နေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ဒေါ်ခင်နွယ်နွယ်ထွန်း(အထက-၂၊ လှိုင်)၊ ဒေါ်သင်းနွယ်နွယ်ထွန်း(အထက-၄၊ အလုံ)၊ ဒေါက်တာဝေမာမာထွန်း (အာဟာရဌာနခွဲ၊ ကျန်းမာရေးဦးစီးဌာန)-ဒုတိယဗိုလ်မှူးကြီးသူရသက်ဆွေ(တပ်မတော်-ရေ)၊ ဦးမျိုးဇော်ထွန်း-ဒေါ်သီတာချို (ဦးစီးအရာရှိ၊ စိုက်/မွေး)တို့၏ဖခင်၊ မောင်ကျော်သက်ဆွေ၊ မောင်အောင်သက်ဆွေ၊ မောင်ညီသက်ဆွေ၊ မဝတ်ရည်ချို၊ မောင်ခန့်ငြိမ်းထွန်းတို့၏အဘိုးသည် ၁၇-၂-၂၀၀၄ရက် ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြကြည် (ရွှေဘိုမင်းသမီးသနပ်ခါး)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၂ နေ (ဦးသာဖေ-ဒေါ်စိန်းရင်)တို့၏သမီး၊ (ဦးထွန်းဖဲ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ (ဒေါ်ကြင်စိန်)၏ညီမ၊ ဦးတင်မောင် (Thoresen Timber Ltd & D.L.H Group A/S)၏ဇနီး၊ မယုယုမော်(3rd Year, Cosmetics IC)၊ မောင်ကျော်စွာထွန်း(1st Year, UFL)၊ မောင်ပြည့်ဖြိုးကျော်(ထ-၃၊ ဒဂုံ၊ X-A)၊ မောင်အောင်ဖုန်းမြတ်(ထ-၃၊ ဒဂုံ၊ X-A)၊ မောင်သော်တာထွန်း (ထ-၂၊ ဗဟန်း၊ IX-A)၊ မောင်ထက်ပိုင်(လ-၁၊ ဒဂုံ၊ VII-F)၊ မဆုလာဘ်ထွန်း(ထ-၂၊ဗဟန်း၊ V စိန်)၊ မောင်စည်သူအောင်(လ-၁၊ ဒဂုံ၊ V-D)၊ မောင်ထက်ဝန်းကိုကို(လ-၁၊ ဒဂုံ၊ III-F)၊ မောင်အောင်ခန့်(လ-၁၊ ဒဂုံ၊ III-F)၊ မောင်လဝန်းမောင်မောင်(မ-၂၆၊ မင်္ဂလာဒုံ၊ II-A)၊ မသိမ့်သဥ္ဇာကို(လ-၁၊ ဒဂုံ၊ KGF)၊မသိန်သရေ(ဝိုင်းမူကြို)၊ မခိုင်သဥ္ဇာညီ၊ မောင်ရှင်းသန့်မောင်မောင်တို့၏အဘွားသည် ၁၈-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် အာရှတော်ဝင်နှလုံးအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုစိန်မောင်း (သစ်ဆန်း ကဖီး)
အသက်(၃၆)နှစ်

မန္တလေးတိုင်း၊ ပုဂံ-ညောင်ဦးမြို့နယ်၊ အရာတော်ကျေးရွာနေ(ဦးမောင်စွာ)-ဒေါ်မယ်စိန်တို့၏သား၊ ဦးလှရွှေ-(ဒေါ်မြကြည်)တို့၏ သားသမက်၊ ဦးအောင်န-ဒေါ်ဂွမ်းပုံ၊ ဦးစိန်ဒေါင်း-မကြည်ချွေး၊ဦးစိန်သောင်း-ဒေါ်သန်းဌေး၊ ဦးမောင်စု-ဒေါ်ညိုတို့၏ညီ/မောင်၊ မောင်ဟန်မောင်သိန်း-မကုလားမစိန်တို့၏ အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ဦးလေး၊ အမှတ် ၆၅၊ လေးထောင့်ကန်လမ်း၊ စ/သုမင်္ဂလာရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မာမာကြူ၏ခင်ပွန်းသည် ၁၇-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(သဃ်္ဃန်းကျွန်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည် (သန်လျင်)
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊သန်လျင်မြို့နေ(ဦးမြစ်-ဒေါ်ငြိမ်းသင်)တို့၏သမီး၊ (ဒေါ်မြသင်) မြစပယ်၏တူမ၊ (ဦးသော်)-ဒေါ်ငွေသောင်၊ (ဦးမြထွန်း)-ဒေါ်မြသန်း၊ (ဒေါ်စိန်စိန်)၊ ဒေါ်မြမြ (အမက-၂၊ ညောင်သုံးပင်၊ငြိမ်း)တို့၏ ညီမသည် ၁၈-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းအေး (သာယာဝတီ)
အကြီးတန်းစာရေး
ခရိုင်ကျန်းမာရေးဦးစီးဌာန
အသက်(၄၇)နှစ်

သာယာဝတီမြို့၊ရွာကြီးကုန်းရပ်ကွက်နေ အငြိမ်းစားကျောင်းဆရာကြီး ဦးဘိုးလူ-ဒေါ်ကြင်တို့၏သမီး၊ (ဦးထွန်းရှင်-ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ ဦးစိုးမြင့်-(ဒေါ်လှမြင့်)၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်စိန်၊ ဦးညွှန့်လှိုင်-ဒေါ်ခင်တင့်၊ ဦးညွှန့်မြိုင်-ဒေါ်ဖြူဖြူတို့၏ညီမ၊ ဦးသိန်းငွေ-ဒေါ်ခင်အုန်း၊ ဒေါ်ယဉ်ယဉ်ကြည်(အရေ့ပိုင်းဆေးရုံကြီး၊ ရန်ကုန်)၊ ကိုဇော်မြင့်-မမြင့်မြင့်အေးတို့၏ အစ်မ၊ ဦးလှဝင်း (လ/ထ ဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန၊ သာယာဝတီ)၏ဇနီး၊ ဒုဗိုလ်ငုဝါအေးယုဝင်း (မိတ္ထီလာမြို့)၊ မောင်ပြည့်စုံဝင်းတို့၏ မိခင်၊တူ တူမ ၂၃ ယောက်တို့၏ အဒေါ်သည် ၁၇-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇း၂၀နာရီ တွင်ကွယ်လွန်ပါ၍ ၁၉-၂-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သာယာဝတီမြို့ ရွာကြီးကုန်း သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

Pi Dim Khua Niang
(ကလေးမြို့)
အသက်(၈၄)နှစ်

တီးတိန်မြို့၊ ဂမ်ငိုင်ကျေးရွာနေ (Pu Let Kham ပြင်သစ်ပြန်-Pi Kai No)တို့၏သမီးကြီး၊ တီးတိန်မြို့၊ ခိုဒိုင်းကျေးရွာနေ(Pu Khup Za Gin)၏ ဇနီး၊ကလေးမြို့၊(၅၉/၇)ပင်လုံရပ်ကွက်နေ Pa Lian Za Kam(တရားရုံးချုပ်ရှေ့နေ)-Nu Ciin Khan Vung၊ Nu Ciin Go Cing-Pa Zam Khen Mang°၊ Nu No Ngaih Lian-(Pa Hang Lian Pau)၊ (Pa Kham Lam Mang-Nu Lun Niang)၊ Pa Kam Do Thang၊ Pa Hang Do Khen-Nu Niang Ngaih Nung၊ Pa Jimmy Sel Suan Thang-Nu Nem Nuam Niang(မကော့)၊ Nu Lun Ngaih Ciin-(ဦးထွန်းထွန်း)(ဝက်လက်မြို့)၊ Nu Gin Khua Niang-Pa Khup Gin Hang (ဦးဟန်ပို)တို့၏ မိခင်၊ Rev Dr. Kenneth Khan Go Mang°၊ Pa Sel Khan Lien°၊ Rev Thomas Thawng Lian Khup၊ Rev Khan Suan Mung (Y.C.F-ရန်ကုန်)၊ Khup Hen Pau၊ Rev Pau Khan Thawn(M.T.S Principal-ရန်ကုန်)တို့၏အဘွား၊ မြေး ၂၁ ယောက်တို့၏အဘွားသည် ၁၇-၂-၂၀၀၄ရက် ည ၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၂-၂၀၀၄ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ဝတ်ပြုကိုးကွယ်ပြီး ကလေးမြို့ ခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၃၀၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၃၁၊ ကြော်ငြာ ၅၅၉၃၃၆၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

အင်းတော်ဒေသ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့အလားအလာများ ခန့်မှန်းတွက်ချက်ရန်စီစဉ်နေ

● ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ မော်လိုက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်းမှဝန်ထမ်းများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

စုပေါင်းဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၇ ရက်က အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်း တွင်းအမှတ်(၃) ရှေ့၌ စီမံကိန်းဝန်ထမ်းများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)



စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မည် အကျိုးဖြစ်ထွန်းနိုင်ဆုံးသီးနှံစိုက်ပျိုးမှုပုံစံဖော်ထုတ်ဆောင်ရွက် စိုက်ပျိုးရေးအောင်မြင်အောင် ဝီရိယနှင့်စေတနာပေါင်းစပ်လုပ်ကိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်း ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မန္တလေးတိုင်း မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် အဆောက်အအုံကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိတ္ထီလာမြို့ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသ ပညာတက္ကသိုလ် ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး